# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၃၁ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# ၄-၁၀-၂၀၁၁

**အချိန်၊၁၂ း ၁၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၁ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၇.၂၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့ စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ယခု အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း မဆောင်ရွက်မီလွှတ်တော်ကိုတင်ပြစရာရှိပါတယ်။ ဒီနေ့ လွှတ်တော်အစည်းအဝေးကျင်းပတာ ၃၁ ရက်မြောက်နေ့ဖြစ်ပါတယ်။ ဒီနေ့အထိ မိမိတို့လွှတ်တော်ကအဓိကတာဝန်ယူဆောင်ရွက်ရမယ့် ဥပဒေကြမ်းတင်သွင်းမှုနဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်မှာ အားလုံးဆောင်ရွက်ပြီးဖြစ်ပါတယ်။ သို့ရာတွင် ဒီဥပဒေကြမ်းတွေဟာ မိမိတို့ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ဥပဒေကြမ်းတွေကို အမျိုးသားလွှတ်တော်ကိုပေးပို့ရပါတယ်။ အမျိုးသားလွှတ်တော်က ဒီဥပဒေပေါ်မူတည်ပြီးတော့ သဘောတူညီမှုမရှိတဲ့ ပြင်ဆင်ချက်များရှိတယ်ဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်တင်ပြပြီးတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်မှာ ပြည်ထောင်စုလွှတ်တော်ရဲ့အဆုံးအဖြတ် ခံယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ မိမိတို့ဆွေးနွေးအတည်ပြုလိုက်တဲ့ ဥပဒေကြမ်းတွေကို အမျိုးသားလွှတ်တော်ကလည်း အတည်ပြုတယ်ဆိုလို့ရှိရင် ဒီဥပဒေဟာ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုပြီးသည်ဟုမှတ်ယူပြီး နိုင်ငံတော်သမ္မတထံ

ပေးပို့ပြီးသတ်မှတ်ရက်ရောက်တဲ့အခါ ဒီဥပဒေဟာအတည်ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပြဋ္ဌာန်း အတည်ပြုလိုက်တဲ့ဥပဒေကို အမျိုးသားလွှတ်တော်ဘက်က သဘောမတူညီချက်များရှိတယ်ဆိုရင် ဒီဥပဒေတွေကိုဆက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ပြီးဆုံးမယ့်ရက်ဟာ မိမိတို့လွှတ်တော်ပေါ်မှာမတည်ဘဲနဲ့ ပြည်ထောင်စုလွှတ်တော်ကို ရောက်ရှိမယ့် ဥပဒေကြမ်းသဘောတူညီမှု၊ မတူညီမှုအပေါ်မှာတည်ပါတယ်။ ဒါကြောင့်လည်း ပြီးမယ့်ရက်ကို မိမိတို့အတိအကျပြောလို့မရနိုင်သေးကြောင်း လွှတ်တော်ကိုအသိပေးတင်ပြခြင်းဖြစ်ပါတယ်။ ဒီနည်းတူပဲ ပြည်သူ့လွှတ်တော်ကို မေးခွန်းပေါင်း ၅၅၅ ခုနဲ့ အဆိုမည်မျှရှိတယ်ဆိုတာလည်း လွှတ်တော်ကို ကျွန်တော်တင်ပြခဲ့ပါတယ်။ အဲဒီအထဲကမှ တချို့မေးခွန်းများ၊ တချို့အဆိုများဟာ လွှတ်တော်မှာမေးမြန်းရန် ဥပဒေနဲ့ တိုင်းတာတဲ့အခါမှာမညီဘူး။ မသင့်ဘူးဆိုတဲ့ဟာတွေ ကျန်နေတာကိုသိရှိထားဖို့လည်းလိုပါတယ်။ မိမိရဲ့ဆန္ဒအရ လွှတ်တော်ကိုယ်စားလှယ်များ မေးလိုတဲ့မေးခွန်းကို သက်ဆိုင်ရာက ဖြေကြားစေလိုတဲ့ဆန္ဒအမှန်ရှိသော်လည်း ဥပဒေနဲ့မညီညွတ်တဲ့ ကိစ္စများကိုတော့ လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုမယ်ဆိုလို့ရှိရင် ဥပဒေနဲ့မညီတဲ့ကိစ္စကို ခွင့်ပြုတဲ့အတွက် မိမိတို့အားလုံးမှာ တာဝန်ရှိမယ့်သဘောဖြစ်တဲ့အတွက် ဥပဒေနဲ့မညီညွတ်သော မေးခွန်းများကတော့ ကျန်ရှိနေမှာ ဖြစ်ပါတယ်။ မေးခွန်းလိုက်စိစစ်တဲ့အခါမှာ တချို့မေးခွန်းများသည် ဖြေဆိုပြီးမေးခွန်းနှင့် သဘောချင်း တူညီတာ၊ နောက်တစ်ခုက လွှတ်တော်မှာမေးရမယ့်မေးခွန်းမဟုတ်ဘဲ တွေ့ရှိရတဲ့မေးခွန်းများ၊ တချို့ကျတဲ့အခါကျတော့ ကြယ်ပွင့်ပြ၊ မပြမေးခွန်း ဒီထဲမှာဘာတွေပါလည်းဆိုတော့ ရောနှောပြီးတော့ပေးပို့ထားတယ်။ အကြောင်းအရာတစ်ခုကိုသိရှိလို၍ စုံစမ်းမေးမြန်းခြင်းမဟုတ်ဘဲ အကြောင်းအရာများ ရောနှောမေးမြန်းထားတဲ့မေးခွန်းများ၊ တချို့မေးခွန်းကျတဲ့အခါကျတော့ အတိတ်ကာလကကိစ္စများ၊ အများပြည်သူကိစ္စမဟုတ်ဘဲ ဝန်ကြီးဌာနပေါင်းစုံ ရောနှောမေးထားတဲ့ မေးခွန်းတွေ၊ တချို့မေးခွန်းကျတဲ့အခါကျတော့ အများပြည်သူကိစ္စမဟုတ်ဘူး။ လွှတ်တော်တွင် မတင်ပြသင့်တဲ့မေးခွန်းတွေ၊ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် သက်ဆိုင်ရာတာဝန်ရှိတဲ့သူများကို တိုင်တန်းဖို့ဖြစ်သော်လည်း လွှတ်တော်ကတစ်ဆင့် တိုင်တန်းတဲ့သဘောမျိုးဆန်တဲ့မေးခွန်းတွေ၊ တချို့မေးခွန်းကျတဲ့အခါကျတော့ နိုင်ငံရေးပါတီနဲ့ဆက်စပ်တဲ့ သဘောသက်ရောက်တဲ့မေးခွန်းတွေ၊ တချို့မေးခွန်းကျတဲ့အခါကျတော့ စွပ်စွဲတိုင်ကြားတဲ့သဘောထား အသုံးအနှုန်းများပါရှိပြီးတော့ လွှတ်တော်တွင်တင်ပြရန်မသင့်တဲ့ မေးခွန်းတွေ၊ တချို့မေးခွန်းကျတဲ့အခါ သိလို၍စုံစမ်းသည့်သဘောမဟုတ်ဘဲ အခြားအကြောင်းအရာကိုရည်ညွှန်းဖော်ဆောင်လိုတဲ့မေးခွန်းတွေ၊ ဆောင်ရွက်ပြီးဖြစ်တဲ့မေးခွန်းတွေ၊ တချို့မေးခွန်းကျတဲ့အခါ တိုင်းဒေသကြီးမှာမေးရမယ့်ကိစ္စတွေကို ဒီလွှတ်တော်မှာလာရောက်မေးတဲ့ မေးခွန်းသည်

အကြောင်းအရာခိုင်လုံမှုမရှိသောမေးခွန်းတွေ၊ ခြုံပြောမယ်ဆိုလို့ရှိရင်ဒီမေးခွန်းတွေဟာ တချို့ မေးခွန်းတွေမှာ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေတဲ့မေးခွန်းတွေ၊ ဥပဒေနဲ့မညီညွတ်တဲ့ မေးခွန်းများ၊ ဒီမေးခွန်းများဟာတော့ မေးခွန်းမေးတာသည် လွှတ်တော်ဥက္ကဋ္ဌကို မေးခြင်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကလည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအဆင့်များ ပြန်လည်ဖြေကြားဖို့ ပေးပို့ရပါတယ်။ အဲလိုပေးပို့တဲ့အခါမှာ မမေးသင့်တဲ့မေးခွန်းတွေကို လွှတ်တော်ဥက္ကဋ္ဌကမေးမြန်းခွင့်ပြုတယ်။ ဥပဒေနဲ့မညီတဲ့မေးခွန်းတွေကို မေးမြန်းခွင့်ပြုတယ်ဆိုလို့ရှိရင် သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းနဲ့ ပြည်သူများကိုလည်း စော်ကားရာရောက်မယ့် မေးခွန်းများကတော့ မိမိက ကိုယ်စားလှယ်များ မေးမြန်းခြင်းကိုအားပေးသော်လည်း ဥပဒေအရ ခွင့်ပြုလို့မရတဲ့မေးခွန်းများဟာတော့ကျန်ရှိနေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောင်မေးတဲ့မေးခွန်းများဟာ ခုနက ကျွန်တော်တင်ပြတဲ့အချက်အလက်တွေ ကင်းလွတ်ပြီးတော့ ဥပဒေနဲ့ညီတဲ့မေးခွန်း၊ အများပြည်သူအကျိုးရှိမယ့် မေးခွန်းများကို မေးမြန်းဖို့လိုကြောင်း လွှတ်တော်ကိုတင်ပြပါတယ်။

ဒီလွှတ်တော်ကျင်းပတဲ့အချိန်မှာ ကြုံတွေ့ခဲ့ရတဲ့ အချို့ကိစ္စများလည်းရှိပါတယ်။ ဒါဘာလဲဆိုရင် ပြီးခဲ့တဲ့သောကြာနေ့က နိုင်ငံတော်သမ္မတကြီးရဲ့သဝဏ်လွှာ လွှတ်တော်ကို ကျွန်တော်ဖတ်ကြားတင်ပြပါတယ်။ အဲဒီအချိန်မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဒီသမ္မတကြီး တင်သွင်းတဲ့ သဝဏ်လွှာဟာ အရေးတကြီးကိစ္စတစ်ရပ်ဖြစ်ပြီးတော့ အဆိုတင်သွင်းဖို့ မိမိကို၊ လွှတ်တော်ဥက္ကဋ္ဌကို လွှတ်တော်အစည်းအဝေးရပ်နားချိန်မှာ လာရောက်တင်ပြပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုခဲ့ပါတယ်။ ဒီခွင့်ပြုချက်နဲ့ပဲ လွှတ်တော်အစည်းအဝေးရဲ့ ညနေပိုင်းမှာ အဆိုတင်သွင်းခြင်းနဲ့ ဒီအဆိုကိုထောက်ခံခြင်းကိစ္စများ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနည်းတူပဲ ဒီမတိုင်မီက ပြည်သူ့လွှတ်တော်ဥပဒေနဲ့ပတ်သက်ပြီးတော့ ပြင်ဆင်ချက်အဆိုများတင်သွင်းထားတာရှိပါတယ်။ အဲဒီအချိန်မှာ ရုတ်တရက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရှေ့တန်းက နေပြီးတော့၊ မတ်တတ်ထပြီးတော့ ဥက္ကဋ္ဌကြီး ကျွန်တော်တင်ပြစရာရှိပါတယ်ဆိုပြီးတော့ တင်ပြပါတယ်။ တင်ပြတဲ့အခါမှာ ဥက္ကဋ္ဌကခွင့်ပြုလိုက်ပါတယ်။ အဲဒီလိုခွင့်ပြုတာသည် အဲဒီအချိန်မှာ ရုတ်တရက်ထပြီးတော့ တင်ပြလို့မဟုတ်ပါဘူး။ ကြိုတင်ပြီးတဲ့အခါမှာ ကျွန်တော်တင်ပြချင်ပါတယ်။ ခွင့်ပြုပေးပါလို့တင်ပြပါတယ်။ ဒါကိုခွင့်ပြုခဲ့ပါတယ်။ လွှတ်တော်အစည်းအဝေးရောက်တဲ့အခါမှာ ထပြီးတော့ တင်ပြစရာရှိပါတယ်လို့တင်ပြခြင်းသည် ဥပဒေနဲ့အညီ လွှတ်တော်ဥက္ကဋ္ဌက ကြိုတင်ခွင့်ပြုထားတဲ့အရ တင်ပြထားခြင်းပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ တချို့လွှတ်တော်ကိုယ်စားလှယ်တွေ ဇဝေဇဝါဖြစ်တယ်။ ဇဝေဇဝါဖြစ်နေတယ်ဆိုတာ သိရတဲ့အတွက်လည်း ဒီမှာ ရှင်းလင်းတင်ပြခြင်းပဲဖြစ်

ပါတယ်။ ကျွန်တော်တစ်ချိန်ကတင်ပြဖူးပါတယ်။ ကျွန်တော်တို့လွှတ်တော်များဟာ အသစ်ပြန်လည်ဖွဲ့စည်းပြီးတော့ အရင်ပါလီမန်ခေတ်က လွှတ်တော်ပုံစံမျိုးမဟုတ်ဘဲနဲ့ ဒီနေ့လွှတ်တော်ပုံစံမျိုးဟာ ထူးခြားမှုရှိပါတယ်။ မိမိတို့တွေမှာ လွှတ်တော်အတွေ့အကြုံနည်းပါတယ်။ ဒီအတိုင်းပဲ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်များကို ထမ်းဆောင်တဲ့နေရာမှာလည်း မိမိတို့အတွေ့အကြုံနည်းသလို မိမိတို့မှာရရှိထားတဲ့ ဦးစီးအဖွဲ့၊ Staff အဖွဲ့ကလည်း အင်အားနည်းပါတယ်။ သို့ရာတွင် လွှတ်တော်များကျင်းပတဲ့အခါမှာ အစည်းအဝေးပြုလုပ်တဲ့အခါမှာ တချို့ Procedure အရ အနည်းငယ်ကျော်တာ ရှိကောင်းရှိမှာဖြစ်သော်လည်း Principle အရမလွဲအောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်နိုင်ပါတယ်ဆိုတာလည်း လွှတ်တော်ကို ဒီလိုတင်ပြခဲ့ဖူးတာရှိပါတယ်။

အဲဒီနည်းတူပဲ မိမိတို့လွှတ်တော် ကျင်းပဆောင်ရွက်တဲ့နေရာမှာ လိုအပ်ချက်များရှိတယ်ဆိုလို့ရှိရင်လည်း ဝေဖန်အကြံပြုတာကိုလက်ခံဖို့ ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ကို တင်ပြထားတာရှိပါတယ်။ ဒါကြောင့်လည်း မိမိတို့လွှတ်တော် ဆောင်ရွက်တဲ့နေရာမှာ ဒီနေ့အထိတော့ ဝိုင်းဝန်းအကြံပေးမှုများကြောင့်ကော၊ Principle အနေနဲ့မှားယွင်းချက်မရှိပါဘူး။ သို့ရာတွင် နည်းဥပဒေနဲ့ပတ်သက်လို့ တချို့ကိစ္စလေးတွေမှာ လွဲတာ၊ ကျော်တာရှိကောင်းရှိပါတယ်။ ဥပမာအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ထောက်ခံမဲ၊ ဆန္ဒယူတဲ့အချိန်မှာ လုပ်ထုံးလုပ်နည်းတွေမှာ အတိအကျမဆိုထားသော်လည်း လွှတ်တော်အစည်းအဝေး အချိန်ကိုလေးစားသောအားဖြင့် ထောက်ခံတဲ့သူတွေ မတ်တတ်ရပ်ပေးပါ။ ပြီးလို့ရှိရင် ကြားနေသူများမတ်တတ်ရပ်ပေးပါ။ ဒီအရေအတွက်များကိုစိစစ်ပြီးတော့ တစ်ကြိမ်တစ်ခါတည်းမှတ်တမ်းတင်ပြီးတော့ ကြေညာဖြစ်သော်လည်း မကြေညာနိုင်တဲ့ကိစ္စများ ရှိခဲ့တာကိုလည်း ကျွန်တော်ပြန်တင်ပြပြီးဖြစ်ပါတယ်။ အချိန်လုံလောက်လို့ရှိရင်တော့ ကျွန်တော်တို့တစ်ခါတည်း ကြေညာနိုင်အောင် ကြိုးစားတာလည်းရှိပါတယ်။ ဒါတွေကတော့ လွှတ်တော်ကာလအတွင်းမှာ ကျွန်တော်တင်ပြတာ Principle အရလွဲမှားမှုမရှိအောင် ထိန်းသိမ်းသူတချို့ အချိန်ပေါ်မူတည်ပြီးတော့ဆောင်ရွက်တဲ့နေရာမှာ Procedure ပိုင်းအနေနဲ့ ကျော်သော်လည်း ပြန်တည့်မတ်ပေးနိုင်တဲ့အနေအထားရှိပါတယ်။ အခုလိုတင်ပြတာကလည်း ပြီးခဲ့တဲ့အရေးကြီးတဲ့ ဥပဒေပြုခြင်းဆိုင်ရာကိစ္စတွေမှာကြားဖြတ် ဝင်ရောက်တင်ပြခြင်းသည် ဥပဒေနဲ့အညီဖြစ်တယ်ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်များသိအောင် တင်ပြခြင်းဖြစ်သလို အရေးကြီးအဆိုတင်သွင်းဖို့ လိုအပ်လာတဲ့အခါမှာ သက်ဆိုင်ရာကိုယ်စားလှယ်က ကြိုတင်တင်ပြတာကို ခွင့်ပြုချက်နဲ့အညီ ဆောင်ရွက်ခြင်းဖြစ်တယ်ဆိုတာကိုလည်း လွှတ်တော်ကိုတင်ပြခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီး အစည်းအဝေးအစီအစဉ်များကို

ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိုးနိုင်(ဖျာပုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ဟာ နေမကောင်းဖြစ်နေတဲ့အတွက် ယနေ့ အောက်တိုဘာလ ၄ ရက်နဲ့ မနက်ဖြန် ၅ ရက်နေ့အတွက် ပြည်သူ့လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်ခြင်းအား ခွင့်ရက်အဖြစ် သတ်မှတ်ပေးပါရန် ကျွန်တော် ဖျာပုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်မှ သူရဦးအေးမြင့်ကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကိုသည် အစာအိမ်ရောင်ဝေဒနာအား ဆေးကုသခံယူရန်အတွက် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှ အောက်တိုဘာလ ၇ ရက်နေ့အထိ ကျင်းပလျက်ရှိသော ပြည်သူ့လွှတ်တော်အစည်းအဝေးများတက်ရောက်ခြင်းမှ ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးမောင်ကို၏ကိုယ်စား အမရပူရမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သိန်းထွန်းဦးမှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးဖြစ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဟာ ကျန်းမာရေးအတွက် ဆေးစစ်ခံရန်ရှိပါသဖြင့် ၄-၁၀-၂၀၁၁ ယနေ့ ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်းမှ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးသန်းမြင့်ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၁၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့

ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါ့မယ်။ ပထမဦးစွာ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းတဲ့မေးခွန်းကို မအားလပ်တဲ့ကြားက လာရောက်ဖြေကြားပေးတဲ့ ဝန်ကြီးအားလည်း ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံအတွင်းဒေသအနှံ့အပြားမှာ သွယ်တန်းမြှုပ်နှံထားတဲ့ ဓာတ်ငွေ့ပိုက်လိုင်းများ လုံခြုံမှုကိစ္စပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ရွှေပြည်သာမြို့နယ်အတွင်းမှာလည်း အလားတူလိုအပ်ချက်အရ ဓာတ်ငွေ့ပိုက်လိုင်းများကို လူနေရပ်ကွက်များအတွင်းမှာ မြှုပ်နှံထားရှိပါတယ်။ ဓာတ်ငွေ့ပိုက်လိုင်းများမြှုပ်နှံရာမှာ ပိုက်ချရန် ကျင်းများတူးခြင်း၊ ပိုက်ဆက်ခြင်း၊ ဆေးသုတ်ခြင်း၊ ပိုက်ချခြင်း၊ မြေဖို့ခြင်းစသည်ဖြင့် အဆင့်ဆင့်သောလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ကြဖို့ ညွှန်ကြားထားကြောင်းလည်းသိရှိရပါတယ်။ သို့ပါသော်လည်း ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ညသန်းခေါင်ယံအချိန်မှာ ကြီးမားပြင်းထန်တဲ့ ပေါက်ကွဲသံနဲ့အတူ ကောင်းကင်ယံမှာ ကြီးမားသောမီးလုံးကြီးများရွေ့လျားနေပြီး လေယာဉ်ပျံတွေပျံသန်းရင် ကြားရတဲ့အသံမျိုးလို စတင်ပြီးတော့တွေ့မြင်ကြားသိကြရပါတယ်။ တချို့လည်း လေယာဉ်ပျံပျက်ကျတာလို့ ထင်ကြေးနဲ့ပြောတဲ့သူတွေကလည်း ပြောကြပါတယ်။ အဲဒီညဟာ ရွေးကောက်ပွဲပြုလုပ်တဲ့ညဖြစ်တဲ့အတွက်ကြောင့် လူတွေကလည်း အုပ်စုအစုအဖွဲ့တွေနဲ့သွားလာနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ဖြစ်တာနဲ့ တစ်မြို့လုံးနီးပါးဟာ မိမိနေအိမ်

တွေကို တံခါးတောင်မပိတ်နိုင်ဘဲနဲ့ ကိုယ်လွတ်ရုန်းပြီးတော့ စွန့်ခွာထွက်ပြေးကြပါတယ်။ ဘာဖြစ်မှန်း မသိတဲ့အတွက်ကြောင့် စိုးရိမ်ထိတ်လန့်မှုကို ပိုမိုဖြစ်ပေါ်စေပါတယ်။ ဖြစ်စဥ်ဖြစ်ပွားပြီး တစ် နာရီ လောက်ကြာတဲ့အခါကျမှ ရွှေပြည်သာမြို့နယ်အမှတ် (၄) လမ်းမကြီးဘေးမှာရှိတဲ့ ဓာတ်ငွေ့ပိုက်ဆက် တဲ့နေရာကနေ စတင်မီးလောင်ပေါက်ကွဲမှု ဖြစ်တာကိုသိရပါတယ်။ ဖြစ်စဥ်ဟာ သာမန်မီးလောင် တာမျိုးနဲ့မတူဘဲ ထူးခြားတဲ့ဖြစ်ပျက်မှုဖြစ်တာကြောင့် စိုးရိမ်ထိတ်လန့်မှုကို ပိုမိုဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီဖြစ်ခဲ့တဲ့ဖြစ်စဥ်ကြောင့် ပြည်သူလူထုဟာ မိမိအိမ်ရှေ့မှာ မြှုပ်နှံထားတဲ့ ဒီပိုက်တွေရဲ့လုံခြုံမှု ရှိ/မရှိ တွေးပြီးတော့ စိတ်ပူနေကြပါတယ်။ အချို့ပိုက်တွေဟာ မြေပေါ်မှာပေါ်နေတာကိုလည်း တွေ့ရှိကြရတာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ရခြင်း အကြောင်းလေ့လာကြည့်တော့ ဓာတ်ငွေ့ပိုက်များ ဆက်သွယ်မြှုပ်နှံရာမှာ အားနည်းချက်များရှိခြင်း၊ ဆက်သွယ်မြှုပ်နှံပြီးခဲ့တဲ့ကာလရဲ့ နောက်ပိုင်းမှာ စစ်ဆေးကြပ်မတ်ပြုပြင်မှု အားနည်းချက်များရှိခြင်းတို့ကြောင့် ယခုကဲ့သို့ဖြစ်ပွားရတယ်လို့ သုံးသပ်ရရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့မြို့နယ်လို အခြားမြို့နယ်များမှာ မဖြစ်ပေါ်စေဖို့နဲ့ ဒီလိုဖြစ်စဥ်မျိုး ထပ်မံမဖြစ်ပွားဖို့ အတွက် မေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ မြို့နယ်တွင်ဖြတ်သန်း၍ မြှုပ်နှံသွယ်တန်းထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းများရှိနေခြင်းဟာ ၎င်း ပိုက်လိုင်းများမှစိမ့်ထွက်သော ဓာတ်ငွေ့များမှတစ်ဆင့်ကြီးမားသော မီးလောင်မှုဖြစ်စေသဖြင့် ရွှေပြည်သာမြို့နယ်အတွင်း အမှတ် (၄) လမ်းမကြီးပေါ်တွင် ရွေးကောက်ပွဲကျင်းပပြုလုပ်သည့် ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ည သန်းခေါင်ယံအချိန်တွင်ဖြစ်ပွားခဲ့ရာ တစ်မြို့လုံးနီးပါး စိုးရိမ် ကြောက်လန့်၍ထွက်ပြေးတိမ်းရှောင်ကြရပါတယ်။ သို့ဖြစ်၍ နောင်အလားတူမဖြစ်ပေါ်စေရေး ပိုက်ချ မည့်နေရာများ မြေကြီးတူးခြင်း၊ ပိုက်များဆေးသုတ်ခြင်း၊ ပိုက်ချခြင်း၊ ပိုက်ဆက်ခြင်း၊ မြေဖို့ခြင်း လုပ်ငန်းများနှင့် မြှုပ်နှံပြီးစီးထားသော ပိုက်လိုင်းများအခြေအနေ စစ်ဆေးထိန်းသိမ်းကြပ်မတ်ခြင်း လုပ်ငန်းများကို ဌာနအနေဖြင့် မည်သို့စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါသဖြင့် မေးမြန်းခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးသန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား။ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဦး မေးမြန်းထားတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်းမှာဖော်ပြထားတဲ့ အခင်းဖြစ်တဲ့ ပိုက်လိုင်းဟာ ၁၉၉၂ ခုနှစ်မှာ အဖျောက်ဒေသကထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့များကို ရန်ကုန်ကို

ပေးပို့ဖို့အတွက် ၁၀ လက်မအချင်းရှိတဲ့ ရိုးရိုးသံမဏိပိုက်များနဲ့ ဆက်သွယ်ထားတဲ့ ပိုက်လိုင်းဖြစ်ပါတယ်။ အဲဒီအချိန်မှာ ပိုက်တွေရဲ့သက်တမ်းဟာ နှစ်ပေါင်း ၂၀ ကျော်လောက် ကြာခဲ့ပြီဖြစ်ပြီးတော့ သံချေးစားခံရတဲ့အတွက် ပိုက်တွေဟာဆွေးပြီးပါးလာပြီးတော့ ဂဟေသားတွေဟာ ဖိအားမြင့်တက်မှုဒဏ်ကိုမခံနိုင်တဲ့အတွက် ကွဲအက်ပြီး ဓာတ်ငွေ့ပန်းထွက်အားကြောင့် ဓာတ်အားလိုင်းကြိုးတွေနဲ့ ရိုက်ခတ်မှုဖြစ်ပြီးတော့ မီးလောင်မှု ဖြစ်ပွားခဲ့ရခြင်းပဲဖြစ်ပါတယ်။

အခင်းဖြစ်ပွားတဲ့အချိန်မှာ ရွာမထိန်းဖြန့်စခန်းကနေပြီးတော့ CNG Filling Station များကို ဖိအားပေါင် ၃၀၀ နဲ့ ပို့လွှတ်နေခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီမီးလောင်တဲ့နေရာမှာ ဖိအားပေါင် ၂၉၀ လောက်ရှိပါတယ်။ ဒီဖြစ်စဥ်နောက်ပိုင်းမှာ ပိုက်လိုင်းကိုပြုပြင်ပေးတဲ့နောက် ပိုက်လိုင်းရဲ့ ဟောင်းမြေ့နေတဲ့အခြေအနေအရ အလားတူ ဖြစ်ရပ်မျိုးထပ်မဖြစ်အောင်အတွက် ပိုက်လိုင်းအသစ်ကို လဲလှယ်အစားထိုးဆောင်ရွက်ခဲ့ပြီးတော့ ဖိအားကိုလည်းလျှော့ချပြီး ယခုအချိန်မှာ ပေါင် ၂၀၀ နဲ့ထိန်းချုပ်ပို့လွှတ်လျက်ရှိပါတယ်။ အဲဒီအပြင် အလားတူပိုက်လိုင်းတွေမှာ နောင်ယင်းကဲ့သို့ ဖြစ်စဥ်များမဖြစ်ပေါ်စေရန်အတွက် ပိုက်လိုင်းတစ်လျှောက် မြေသားစမ်းသပ်မှုများ ထပ်မံဆောင်ရွက်ခြင်း၊ သံချေးစားနှုန်းများတဲ့မြေအမျိုးအစားမှာ ပိုက်လိုင်းကို တူးဖော်စစ်ဆေးခြင်း၊ ပိုက်ရဲ့လက်ရှိ အထူ၊ အပါးတိုင်းတာခြင်း၊ သံချေးစားခွက်တွေရှိနေရင်လည်း အဲဒီနေရာ တွေမှာပိုက်ခြမ်းပြားအုပ်ပြီးတော့ ဂဟေဆော်ခြင်း၊ အဆိုးဆုံးအပိုင်းတွေမှာ ပိုက်အသစ်နဲ့ အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ထားဖို့ စီမံထားရှိပါတယ်။ ၎င်းပိုက်လိုင်းကို ရွှေပြည်သာပိုက်လိုင်း ပြုပြင်ထိန်းသိမ်းရေးစခန်းက ယခုအခါမှာ နေ့ညတာဝန်ယူစောင့်ရှောက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒီအပြင် ၂၀၁၃ ခုနှစ်မှာ ကမ်းလွန်ဓာတ်ငွေ့စီမံကိန်းအသစ် နှစ်ခုကနေပြီးတော့ ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့အတွက် တစ်နေ့လျှင် ကုဗပေသန်း ၁၆၀ ထပ်မံတိုးမြှင့်ရယူပြီးတော့ ဖြန့်ဝေပေးဖို့ရှိပါတယ်။ အဲဒီအတွက်လည်းကောင်း၊ နောက်တစ်ခါ ၂၀၁၆ လောက်မှာ ထပ်မံတိုးမြှင့်ရရှိလာမယ့် လုပ်ကွက် M-3 အောင်သိဒ်္ဓိစီမံကိန်းမှ ဓာတ်ငွေ့တွေကိုလည်း အဆင်ပြေစွာဖြန့်ဝေသုံးစွဲနိုင်ရန်အတွက်လည်းကောင်း လက်ရှိပြည်တွင်း ပိုက်လိုင်းစနစ်များကို Master Plan ရေးဆွဲပြီးတော့ ပြုပြင်သွားဖို့ရှိပါတယ်။ ယခင်က တိုင်းပြည်စီးပွားရေးအခြေအနေများအရ မလွှဲမရှောင်သာအသုံးပြုခဲ့ရတဲ့ ရိုးရိုးသံမဏိပိုက်များအစား PE Coated ခေါ် ပလပ်စတစ်ဖုံး သံမဏိပိုက်တွေကို အစားထိုးလဲလှယ်ခြင်း၊ အသစ်ခင်းကျင်းခြင်းတို့ကို နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၁၂၆ သန်းလောက်နဲ့ မြန်မာငွေကျပ် ၁၇ ဘီလီယံလောက် သုံးစွဲ ပြီးတော့ နှစ်နှစ်အတွင်းမှာ ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပိုက်လိုင်းဟောင်းတွေ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းအနေဖြင့် ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွေမှာ တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်၊ သံပေါက်ဒေသမှ ကရင်ပြည်နယ် မြိုင်ကလေး အထိဆက်သွယ်ထားသော သံပေါက်-မြိုင်ကလေး ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ နောက် အဲဒီကနေပြီး မွန်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးတို့ကိုဖြတ်သန်းပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအထိ ဆက်သွယ်ထားတဲ့ မြိုင်ကလေး-ရန်ကုန် ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ ဧရာဝတီတိုင်း၊ ညောင်တုန်းကနေပြီးတော့ ရန်ကုန်တိုင်း၊ အင်းစိန်နှင့် မှော်ဘီမြို့နယ်များသို့ ဆက်သွယ်ထားသော ၁၄ လက်မ၊ ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများရဲ့ သက်တမ်းကြာမြင့်ပြီး သံချေးစားဆွေးမြေ့ နေတဲ့အပိုင်းတွေကိုလည်း ပလပ်စတစ်ဖုံး သံမဏိပိုက်တွေနဲ့ အစားထိုးလဲလှယ်ခြင်း၊ အဆင့်မြှင့်တင် ခြင်းနဲ့သံချေးစားမြေနဲ့ ဆားငန်ရေထိတွေ့သောနေရာတွေကို ရှောင်ကွင်းပြီးတော့ လမ်းကြောင်း ပြောင်းဆက်သွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီမံထားရှိပြီး ယခုနှစ် နိုဝင်ဘာလကနေပြီး စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ (ကြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ရည်၊ အလုံမဲဆန္ဒနယ်မှ မေးခွန်းနှစ်ခု အားတစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ရဲ့မေးခွန်းကိုဖြေကြားမည့် ပြည်ထောင်စု ဝန်ကြီးအားလည်း ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်၏ မေးခွန်းမှာ သမဝါယမ နှင့် ရန်ကုန်တိုင်း GEC လုပ်ငန်းများနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်တဲ့အတွက် တစ်ဆက်တစ်စပ်တည်း မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်းမှာ သမဝါယမအသင်းများရှိသလို သမဝါယမဦးစီးဌာနများလည်းရှိပါတယ်။ ရပ်ကွက် စားသုံးသူ သမဝါယမအသင်းများကိုအခြေခံ၍ မြို့နယ်သမဝါယမအသင်းများ ဖြစ်ကြရပါတယ်။ ရပ်ကွက်နေပြည်သူများ သက်သာချောင်ချိရေးအတွက် ရပ်ကွက်နေပြည်သူများထဲမှ အစုငွေများထည့် ဝင်ဖွဲ့စည်းခြင်းဖြင့် ရပ်ကွက်အခြေခံစားသုံးသူ သမဝါယမအသင်းများအဖြစ်ရပ်တည်၍အသင်း စတင် ဖွဲ့စည်းချိန်ကနေစပြီးတော့ ရပ်ကွက်နေပြည်သူများအား ကုန်ပစ္စည်းများရောင်းချပေးခဲ့သော လုပ်ငန်း များရပ်ဆိုင်းသွားခြင်းနဲ့ ရပ်ကွက်နေအသင်းဝင်ပြည်သူများလည်း ခံစားခွင့်မရရှိကြတော့ပါဘူး။

သမဝါယမအသင်းရဲ့ ရောင်းဝယ်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သော်လည်း သမအသင်းများ၊ ဆိုင်နေရာများတွင် ပုဂ္ဂလိကအရောင်းဆိုင်များ၊ အလုပ်ရုံများ၊ လူနေအိမ်ခန်းများအဖြစ် ဆက်လက်ပေါ်

ပေါက်လာကြပါတယ်။ ဤကဲ့သို့နေရာများ အငှားချထားခြင်းကြောင့် အသင်းဝင်များမှာ ဝင်ငွေများ ဆက်လက်ရရှိနေကြပါတယ်။ အသင်းများမှာ ဝင်ငွေများ ဆက်လက်ရရှိနေကြပါတယ်။ အချို့နေရာများ အကွက်အကွင်းကောင်းတဲ့ နေရာများမှာဆိုလျှင် လစဉ်သိန်း သန်းချီပြီးရနေကြပါတယ်။ သမဝါယမ ဥပဒေ၊ နည်းဥပဒေများအရ နှစ်စဉ်ဘဏ္ဍာနှစ်ကုန်ဆုံးပြီးတိုင်း အသင်းသားများကို မျက်နှာစုံညီ အစည်းအဝေးများခေါ်ယူကျင်းပ၍ အသင်းငွေစာရင်းရှင်းတမ်း ဖတ်ကြားတင်သွင်းခြင်း၊ အဆိုပြု ခြင်း၊ ထောက်ခံခြင်းများပြုလုပ်၍ အသင်းသူ၊ အသင်းသားများ၏ အတည်ပြုခြင်းများ ပြုလုပ်ကြရ မည်ဖြစ်ပါတယ်။ အသင်း၏စာရင်းများတွင် အသင်းသားများသို့ အစုအပေါ်အမြတ်ငွေနဲ့ ကုန်ဝယ် အပေါ်အမြတ်ငွေ ပေးရန်ရှိပါသော်လည်း မည်သည့်အသင်းသားများမှ ယခုအချိန်မှာ အမြတ်ငွေများ မရရှိကြပါ။ တစ်နှစ်တစ်ကြိမ် အသင်းဝင်များ မျက်နှာစုံညီအစည်းအဝေးပွဲများပြုလုပ်၍ အသင်း ဥက္ကဋ္ဌ၊ အမှုဆောင်များရွေးချယ်ကြရမည်ဖြစ်သော်လည်း အသင်းဝင်များ မျက်နှာစုံညီ အစည်းအဝေး များကျင်းပခြင်း မရှိပါသဖြင့် အသင်းဝင်များမှ တာဝန်ပေးအပ်သော ဥက္ကဋ္ဌ၊ အမှုဆောင်များ ယခုအခြေအနေမှာ ရှိနေကြသူများဖြစ်မည်မဟုတ်ပါဘူး။ မည်ကဲ့သို့ အသင်းငွေစာရင်းရှင်းတမ်းများ ကိုအတည်ပြုလုပ်ဆောင်နေကြသည်ကိုလည်း အသင်းသားများမှ မသိရှိကြတော့ပါဘူး။ အသင်းရဲ့ အမှုဆောင်များရဲ့ အသင်းအဆောက်အအုံများငှားရမ်း၍ ရရှိသောငွေများကို ထုတ်ယူသုံးစွဲနေကြပါ သဖြင့် သမအသင်းများမှ ရရှိသောငွေကြေးများသည် လူတစ်စု၏ အကျိုးစီးပွားဖြစ်နေသည်ဟု ထင်မြင်ယူဆပါတယ်။ သို့ပါ၍ အသင်းဝင်များကို ပြန်လည်ဖော်ထုတ်ခြင်း၊ အသင်းဝင်အသစ်များကို ပြန်လည်ခေါ်ယူ၍ အသင်းများကိုခေတ်နှင့်အညီ သမဝါယမဥပဒေ၊ နည်းဥပဒေများဖြင့် စနစ်တကျ ပြန်လည်ဖွဲ့စည်းပြီး ပြည်သူများ၏ ခံစားခွင့်များကိုမဆုံးရှုံးစေရန် လုပ်ဆောင်သင့်ပါသည်။ မေးခွန်း အနေနဲ့ အထက်ဖော်ပြပါ သမအသင်းများ၏ အဆောက်အဦများ၊ ပိုင်ဆိုင်မှုများ၊ ဝင်ငွေရရှိနေမှုများ၊ ကိုယ်ကျိုးရှာခြင်းရှိနေမှုများကို ဖော်ထုတ်၍ ပြည်သူများ၏ခံစားခွင့်များကို ပြန်လည်ရရှိစေရန် ဆောင်ရွက်ပေးနိုင်ပါမည်လားမေးမြန်းလိုပါတယ်။

ထပ်မံ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ဝန်ထမ်းများ၏ ထည့်ဝင်ငွေ များဖြင့် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် GEC များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး အသင်းစုများဖွဲ့စည်း၍ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါ သော်လည်း မကြာမီနှစ်များ အတွင်းမှာပင် လုပ်ငန်းများရပ်ဆိုင်းသွားခဲ့ပါတယ်။ ထို GEC အသင်းများ ကိုဖွဲ့စည်းရာမှာဆိုလျှင် ဝန်ထမ်းများကို အစုရှယ်ယာလက်မှတ်များဖြင့်ထုတ်ပေး၍ လက်မှတ်တန်ဖိုး ၁၉၉၄ ခုနှစ်၊ ဇွန်လက လက်မှတ်တန်ဖိုးကျပ် ၁၀၀၀ ဖြင့်သတ်မှတ်ပြီးတော့ တချို့ဒေသမှာ ၅၀၀ လို့သိ

ရပါတယ်။ ဒီ ၁၀၀၀ ဟာ အဲဒီ ၁၉၉၄ ခုနှစ်တုန်းက ဒီဝန်ထမ်းရဲ့လစာ သူရဲ့လစာ ၄၄၀ အထက်တန်းစာရေးမှာ လစာရဲ့နှစ်ဆကျော်ကျော်ရှိနေပါတယ်။ ယခု လက်ရှိ ဒီဝန်ထမ်းဟာ ပင်စင်သွားနေကြပါပြီ။ သူတို့အခွင့်အရေးတွေ ဆုံးရှုံးနေတာ နှစ်ပေါင်းအတော်ကြာသွားပြီဖြစ်ပါတယ်။ GEC သည်ဝန်ထမ်းများအတွက် အစိုးရဌာနများမှရရှိသော ကုန်ပစ္စည်းများကို ဝန်ထမ်းသက်သာမှုတစ်ဆင့် အစုရှယ်ယာဝန်ထမ်းများထံ ပြန်လည်ဖြန့်ဖြူးပေးခဲ့ပါတယ်။ အခုအခါ GEC မှ ဖြန့်ဖြူးပေးသောပစ္စည်းများ မရရှိတော့သည်မှာ နှစ်အတော်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ မေးခွန်းအနေနဲ့ GEC အသင်းစုများတွင် အသင်းဝင်စာရင်းများရှိပါက အသင်းဝင်များထည့်ဝင်ထားသော ငွေများမည်မျှသုံး၍ မည်သို့ဆောင်ရွက်ထားပါသလဲ။ အသင်းအဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ငွေကြေးများကိုမည်သို့ဆောင်ရွက်ထားပါသလဲ။ မည်သည့်ပုဂ္ဂိုလ်များမှ အသင်းကိုမည်ကဲ့သို့ စီမံဆောင်ရွက်နေကြပါသလဲ။ ဝန်ထမ်းပေါင်းစုံ GEC သမဝါယမအသင်း ဆက်လက်ရှိနေပါသေးသလား။ အသင်းကြီးအနေဖြင့် ဆက်လက်တည်ရှိနေသေးပါက ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် မည်ကဲ့သို့ပံ့ပိုးကူညီပေးနိုင်ပါမည်နည်း။ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအုန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊သမဝါယမဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သရင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်တင်သွင်းသော သမဝါယမအသင်းများရဲ့ အဆောက်အဦများ၊ ပိုင်ဆိုင်မှုများ၊ ဝင်ငွေရရှိမှုများ၊ ကိုယ်ကျိုးရှာနေမှုများကို ဖော်ထုတ်ပြီး ပြည်သူများရဲ့ ခံစားခွင့်များကိုပြန်လည်ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိမရှိနဲ့ ဝန်ထမ်းများကို အထောက်အပံ့ဖြစ်စေရေးအတွက် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း GEC ဖွဲ့စည်းမှုကိစ္စနဲ့ပတ်သက်၍ မေးမြန်းထားသည့်မေးခွန်းနှစ်ခုကို တစ်ပေါင်းတည်း ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ဖြေကြားချက်များမှာ ကိန်းဂဏန်းအချက်အလက်များ၊ ခုနှစ်သက္ကရာဇ်များပါရှိနေပါသဖြင့် လွဲမှားခြင်းမရှိစေရန်အတွက် ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် လေးစားစွာ တင်ပြခွင့်တောင်းအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖတ်ရှုလေ့လာရသလောက် သမဝါယမအသင်းဆိုသည်မှာ စိတ်တူကိုယ်တူ၊ ဆန္ဒတူပေါင်းစပ်ပြီး မိမိတို့ရဲ့စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ဖို့ ဘိုးဘွားပိုင်ဆိုင်ပြီး အများဆန္ဒနဲ့အညီ စီမံခန့်ခွဲဆောင်ရွက်တဲ့အဖွဲ့အစည်း၊ တစ်နည်းအားဖြင့် စိတ်တူကိုယ်တူချင်း သဟဇာတအတူတကွဖြစ်ပေါ်ပူးပေါင်းခဲ့ပြီး တစ်ဦးနဲ့တစ်ဦး အညမည အပြန်အလှန်အကျိုးပြုတဲ့ အဖွဲ့အစည်းပဲဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ သမဝါယမအသင်းကို ၁၈၄၃ ခုနှစ်၊ အင်္ဂလန်နိုင်ငံ၊ ရောစ်ဒေးမြို့ကစတင်ပြီး မြန်မာနိုင်ငံမှာတော့ သမဝါယမအသင်းကို ၁၉၀၄ ခုနှစ်၊ မြင်းမူမြို့နယ်ကစတင်ခဲ့တယ်လို့ လေ့လာသိရှိခဲ့ရပါတယ်။ ခေတ်ကာလအလိုက် ဆောင်ရွက်ခဲ့ကြတဲ့ သမဝါယမလုပ်ငန်းများရဲ့ အခြေအနေပေါ်မူတည်ပြီး ၁၉၁၂ ခုနှစ်၊ သမဝါယမအသင်းအက်ဥပဒေ၊ ၁၉၂၇ ခုနှစ်၊ သမဝါယမအသင်းအက်ဥပဒေ၊ ၁၉၅၆ ခုနှစ်၊ သမဝါယမအသင်းအက်ဥပဒေ၊ ၁၉၇၀ ခုနှစ်၊ သမဝါယမအသင်းအက်ဥပဒေစသဖြင့် ပြောင်းလဲပြဋ္ဌာန်းကျင့်သုံးခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ ယခုတည်ဆဲ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းအက်ဥပဒေဟာ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီးတော့ အခန်း ၁၀ ခန်း ပါဝင်ပါတယ်။ သမဝါယမအသင်းဥပဒေပါအချက်များ ဖောက်ဖျက်မှုရှိခဲ့မယ်ဆိုရင် တည်ဆဲပြစ်မှုဆိုင်ရာဥပဒေများအရ အရေးယူခြင်း၊ တစ်မိသားစုတည်းမဟုတ်သူပုဂ္ဂိုလ် ငါး ဦးဖြင့်ပင် အသင်းကိုဖွဲ့စည်းနိုင်ခွင့်ရှိခြင်း၊ ဖွဲ့စည်းထားတဲ့ သမဝါယမအသင်းများဟာ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ဝန်ဆောင်မှုပြုလုပ်ခြင်းနဲ့ အခြားသောအထွေထွေလုပ်ငန်းများစသဖြင့် လုပ်ငန်း လေး မျိုးမှာလုပ်ဆောင်နိုင်ပါတယ်။ ဖွဲ့စည်းမှုပိုင်းမှာလည်း အခြေခံအသင်း၊ အသင်းစု၊ အသင်းစုချုပ်၊ ဗဟိုသမဝါယမ အသင်းစသဖြင့် ဖွဲ့စည်းခြင်းတို့ကို ပြဋ္ဌာန်းထားပါတယ်။ ၁၉၇၀ ခုနှစ်၊ သမဝါယမအသင်းအက်ဥပဒေနဲ့ ဖွဲ့စည်းခဲ့တဲ့အသင်းများကိုတော့ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဖျက်သိမ်းသင့်သည်များကိုဖျက်သိမ်းပြီး အချို့အသင်းများကိုတော့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးခိုင်မောင်ရည်ရဲ့ မေးခွန်းမှာပါဝင်တဲ့ သမဝါယမအသင်းများရဲ့ အဆောက်အဦပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီးသမဝါယမဝန်ကြီးဌာန အသုံးပြုခွင့်ရခဲ့တဲ့ ပြည်သူပိုင်သိမ်းယူထားခဲ့သော အဆောက်အဦများမှာ ရန်ကုန်မြို့မှာ ၉၂ ခန်း၊ ကျန်သောတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ၆၄ ခန်း၊ စုစုပေါင်း ၁၅၆ ခန်းရှိပြီး ၂၀၁၁ ခုနှစ်၊ ဇွန်လကုန်ပိုင်းမှာ အခန်း ၁၆ ခန်းကို နိုင်ငံပိုင်ပစ္စည်းများ ပုဂ္ဂလိကပြုလုပ်နိုင်ရေးကော်မရှင်သို့ အပ်နှံခဲ့ပြီး ကျန်အဆောက်အဦများ၊ အခန်းများကိုတော့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလကုန်ပိုင်းမှာ အပြီးစာရင်းရှင်းလင်းဆောင်ရွက်လျက်ရှိပြီး အပ်နှံရန် ဆောင်ရွက်ဆဲရှိပါ

တယ်။ အခြေခံသမဝါယမအသင်းများမှာ အသင်းဝင်သစ်များတိုးပွားလာဖို့ အစုရှယ်ယာတွေတိုးမြှင့်လာဖို့နဲ့ အသင်းရဲ့အကျိုးစီးပွားကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်မယ့် အမှုဆောင်များရွေးချယ်ရေးကိစ္စများ ဆောင်ရွက်နိုင်ဖို့လည်း သမဝါယမအသင်းအားလုံးကို ၂၀၀၉ ခုနှစ်ကတည်းက ညွှန်ကြားလွှာအမှတ် ၃/၂၀၀၉ နဲ့ ညွှန်ကြားဆောင်ရွက်နေဆဲလည်းဖြစ်ပါတယ်။ ယခုအခါမှာ သမဝါယမအသင်းဆိုင်နဲ့ မြေနေရာများ ငှားရမ်းမှုနဲ့ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်ရဲ့ တန် ၃၀ ကျဆီစက်ကို အိတ်ဖွင့်တင်ဒါစနစ်နဲ့ သတင်းစာမှာကြေညာပြီး ဆောင်ရွက်ခဲ့တဲ့အခါမှာ ယခင်က တစ်လကို ၆ သိန်းရရှိနေရာမှ ယခုနှစ် ၂၀၁၁ ခုနှစ်မှစပြီး ၂၀.၅ သိန်းအထိ ငါးနှစ် စာချုပ်ချုပ်ဆို၍ လစဉ်တိုးမြှင့်ရရှိခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တင်ပြလိုပါတယ်။ အလားတူပဲ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံရေယာဉ်လျှောလမ်းတည်ဆောက်ရေးလုပ်ငန်းကို အလားတူ open တင်ဒါနဲ့လေလံပစ်ပြီးဆောင်ရွက်ခဲ့တဲ့အခါမှာ တစ်လကို ကျပ် ၇ သိန်းသာရရှိခဲ့ရာမှ ယခုနှစ်မှာ ၅၇.၆ သိန်းအထိ တိုးမြှင့်ရရှိခဲ့ပါတယ်။ သမဝါယမအသင်းများရဲ့ ပိုင်ဆိုင်မှုများ ကိုယ်ကျိုးရှာခြင်းများရှိကြောင်းကိုလည်း တရားဝင်တိုင်ကြားချက်များရရှိလာပါက သမဝါယမဦးစီးဌာနက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းနေသလို စာရင်းစစ်ချုပ်ရုံးမှလည်း စစ်ဆေးအရေးယူပြီး ဥပဒေနဲ့ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ဝန်ထမ်းများသက်သာချောင်ချိမှုကို အထောက်အကူပြုနိုင်ရန်အတွက် GEC အစိုးရဝန်ထမ်းပေါင်းစုံ အသင်းများကို ၁၉၉၃-၁၉၉၄ ခုနှစ်မှာစတင်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ GEC အသင်းများမှာ ဝန်ထမ်းပေါင်းစုံ GEC နဲ့ ပညာရေးဝန်ထမ်း GEC ဆိုပြီး လက်ရှိဖွဲ့စည်းထားတဲ့အသင်းများမှာ GEC အသင်းစုချုပ် နှစ်သင်း၊ GEC သမဝါယမအသင်းစု ၃၇ သင်း၊ GEC သမဝါယမအခြေခံအသင်း ၄၃၆ သင်း၊ စုစုပေါင်း ၄၇၅ သင်းရှိနေပြီဖြစ်ပါတယ်။ အသင်းဝင်အစိုးရဝန်ထမ်းပေါင်း ၆၄၇၄၅၀ ဦးရှိပြီးတော့ အစုငွေပေါင်း ၇၅၁.၂၅ သန်းဖြင့် ကုန်ပဒေသာဆိုင်လုပ်ငန်း၊ အရစ်ကျကုန်ပစ္စည်းရောင်းချရေးလုပ်ငန်း၊ Microfinance လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းစသည်ဖြင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြပြီးတော့ အသင်းရဲ့စီမံခန့်ခွဲမှုကိုလည်း အသင်းသားများကရွေးချယ်ထားတဲ့ သက်ဆိုင်ရာအမှုဆောင်များကြီးကြပ် ဆောင်ရွက်လျက်ရှိကြပါတယ်။ အသင်းတစ်သင်းရဲ့ စီးပွားရေးလုပ်ငန်းအောင်မြင်မှု၊ မအောင်မြင်မှုများဟာ သက်ဆိုင်ရာအသင်းရဲ့ တစ်သင်းချင်းစီမှာပါဝင်တဲ့ အသင်းသားများရဲ့ပူးပေါင်းပါဝင်မှု၊ ဒါရိုက်တာအဖွဲ့ရဲ့ ကြိုးပမ်းအားထုတ်မှုပေါ်မူတည်ပါတယ်။ ဥပမာတင်ပြရမယ်ဆိုရင် မန္တလေး GEC ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းဟာ ပင်မအရောင်းဆိုင်လုပ်ငန်း၊ ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်း၊ အသင်းသားဝန်ထမ်းများသို့ ကုန်ပစ္စည်းများအရစ်ကျရောင်းချပေးတဲ့လုပ်ငန်း၊ အရစ်ကျချေးငွေလုပ်ငန်းနဲ့ GEC ဆေးရုံ၊ GEC ဘော်ဒါဆောင်၊

GEC သကြားစက်၊ GEC ဆီစက် စသည်ဖြင့် လုပ်ငန်းများကို အသင်းပိုင်ရင်းနှီးငွေနဲ့လှည့်ပတ်ငွေ သိန်းပေါင်း ၁၀၀၀၀ ကျော်နဲ့အောင်မြင်စွာဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ကျွန်တော်တို့အသင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်အနည်းငယ် ရှင်းလင်းတင်ပြလို ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်ရဲ့ ၃၁-၃-၂၀၁၁ ရက်နေ့အထိ ဘဏ္ဍာရေးအခြေအနေနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြ ပါမယ်။ အသင်းသားဦးရေစုစုပေါင်း ၁၀၆၆၂၉ ဦးရှိပါတယ်။ အစုတန်ဖိုး ၂၄၄၅ သိန်း ၅၀၄၆၃ ကျပ် ရှိပြီး ရင်းနှီးတန်ဖိုးဟာ သိန်းပေါင်း ၁၂၁၅ သိန်း ၂၈၄၅၅ ကျပ် ရှိပြီး၊ ရင်းနှီးမြှုပ်နှံငွေဟာသိန်းပေါင်း ၉၃၇ သိန်း ၁၀၄၄၇ ကျပ် ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ အသင်းသားစုစုပေါင်း ၁၀၆၆၂၉ ဦးနဲ့ အစုရှယ်ယာငွေ သိန်းပေါင်း ၂၄၄၅ သိန်း ၅၀၄၆၀ ကျပ်ဖြစ် ကြောင်းတွေ့ရှိရတဲ့အတွက် ၁၉၉၃-၁၉၉၄ ခုနှစ်ကနေပြီး ၂၀၀၃-၂၀၀၄ ခုနှစ် ၁၂ နှစ်တာကာလ အတွင်းမှာ အသင်းသားများကို အစုပေါ်အမြတ်နဲ့ ကုန်ငွေပေါ်ပြန်အမ်းငွေတစ်ဦးကို ၁၅၃၁ ကျပ် ထုတ်ပေးထားကြောင်းသိရှိရပါတယ်။ ၂၀၀၄-၂၀၀၅ ခုနှစ်ကနေပြီး ၂၀၁၀-၂၀၁၁ခုနှစ်ရဲ့ ၇ နှစ်တာ ကာလအတွင်းမှာ အသင်းသားများကို ထုတ်ပေးရန်ကျန်ရှိတဲ့ အမြတ်ငွေကျပ်သိန်းပေါင်း ၂၁၈ သိန်း ၉၂၈၆၃ ကျပ်နဲ့ကုန်ငွေပေါ်ပြန်အမ်းငွေ ကျပ်သိန်းပေါင်း ၁၅၅၁ ကျပ်၊ ၅၃၆၉၀ စုစုပေါင်းသိန်းပေါင်း ၁၇၇၀၊ ၄၆၅၅၃ ကျပ်နဲ့ ပြား ၆၀ ရှိကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့တင်ပြပါ အသင်းရဲ့အစု ပေါ်အမြတ်ကိုထုတ်ယူမယ်ဆိုရင် လက်ရှိအစုပေါ်အမြတ် ၂၀၈ ကျပ် ၆၈ ပြား၊ ကုန်ငွေပေါ်ပြန်အမ်းငွေ ၁၄၉၅ ကျပ် ၉၈ ပြား၊ စုစုပေါင်း ၁၇၀၄ ကျပ် ၈၄ ပြားထုတ်ယူနိုင်ပြီး ၎င်းရဲ့အသင်းကနုတ်ထွက်ဖို့ လျှောက်လွှာတင်ပြီးတရားဝင် တောင်းဆိုလာခဲ့မယ်ဆိုရင် ၎င်းအသင်းသားရဲ့အစုပေါ် အမြတ်အကျိုး ခံစားခွင့်ဟာ ၂၇၀၄ ကျပ်နဲ့ ၈၄ ပြားကို ထုတ်ယူရရှိနိုင်မှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၃၅ မှာ နိုင်ငံတော်ရဲ့စီးပွားရေး စနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟု ပြဋ္ဌာန်းထားတာနဲ့အညီ ၃၀-၃-၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မှာ နိုင်ငံတော်သမ္မတကြီးက မိန့်ခွန်းပြောကြားရာမှာလည်း စီးပွားရေး လုပ်ငန်းစဉ်တွေရဲ့အချုပ်ကတော့ ဈေးကွက်စီးပွားရေး စနစ်ပီပြင်စွာ ဖြစ်ထွန်းလာအောင် ဆောင်ရွက် သွားဖို့ပဲဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်ဒေသဆိုင်ရာအဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိ ကစတဲ့ စီးပွားရေးအင်အားစုအားလုံးကို ဈေးကွက်စီးပွား ရေးစနစ်ဘောင်အတွင်း သဟဇာတမျှတစွာ နဲ့ တစ်စုတစ်စည်းတည်း စီပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်အောင် ရည်မှန်းဆောင်ရွက်သွားပါ မယ်လို့မိန့်ကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် သမဝါယမဝန်ကြီးဌာနအနေနဲ့ သမဝါယမစီးပွားရေး

ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းရုံးခြင်း၊ ပညာပေးခြင်း၊ ဥပဒေနည်းလမ်းများနဲ့အညီဆောင်ရွက်ပေးခဲ့သလို မတည်ရင်းနှီးငွေနဲ့ နည်းပညာအကူအညီပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သမဝါယမအသင်းအားလုံးသို့ ကူညီဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်နေတဲ့အချိန်အတွင်းမှာပဲ မိမိတို့သမဝါယမအသင်းများရဲ့ စီးပွားရေးလုပ်ငန်းများအောင်မြင်ပြီး အသင်းသားတစ်ဦးချင်း အကျိုးခံစားခွင့်ပိုမိုရရှိစေဖို့ အသင်းသားအားလုံးနဲ့ အသင်းသားများက ဒီမိုကရေစီစနစ်နဲ့ ရွေးချယ်တင်မြှောက်ထားတဲ့ အမှုဆောင်အဖွဲ့ကိုရွေးချယ်ပြီး ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြုသမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရာမှာ လူငယ်များအတွင်းမှာ သမဝါယမစီးပွားရေးပညာရပ်များ ပြန့်ပွားတတ်မြောက်စေရန်ရည်ရွယ်ပြီး သမဝါယမစီးပွားရေးပညာရပ်များကို ကျောင်းပညာရေးအဖြစ်နဲ့ ဒီဂရီကောလိပ်တစ်ကျောင်း၊ ကောလိပ်ကျောင်းလေးကျောင်း၊ သင်တန်းကျောင်း ၂၁ ကျောင်း၊ စုစုပေါင်းကောလိပ်၊ သင်တန်းကျောင်း ၂၆ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ မကြာမီ ရန်ကုန်သမဝါယမဒီဂရီကောလိပ်ကိုလည်း သမဝါယမတက္ကသိုလ်အဆင့်သို့ တိုးမြှင့်နိုင်အောင် ကျယ်ပြန့်စွာလေ့လာဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ သမဝါယမဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအထောက်အကူပြု သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ငန်း တူ၊ စိတ်တူ၊ ကိုယ်တူအစုအဖွဲ့များ စည်းရုံးဖွဲ့စည်းလျက်ရှိတဲ့အပြင် သမဝါယမအသင်းသားပြည်သူများနဲ့ ပြည်သူ့ဝန်ထမ်းများကို သမဝါယမနည်းလမ်းများနဲ့ အထောက်အပံ့ပေးနိုင်ရေးကိုလည်း နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်များနဲ့အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၁၉၉၂ ခုနှစ်၊ သမဝါယမအသင်းဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက် စာအုပ်များကိုလည်း အားလုံးသိရှိအောင်ပေးဝေထားပြီး ဖြစ်ပါတယ်။ အကြံဉာဏ်ကောင်းများလည်းပေးစေလိုပါတယ်။ သမဝါယမအသင်းများနဲ့ ဂျီအီးစီသမဝါယမအသင်းဆိုင်ရာကိစ္စရပ်များကို ပြည်သူများအတွက် စိတ်ပါဝင်စားစွာမေးမြန်းမှုအတွက်လည်း အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမောင်မောင်ဝင့်( ဗဟန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကြွရောက်လာသောဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝတရားရှေ့ထားပြီး တော့လေးစားစွာနဲ့ မင်္ဂလာနှုတ်ခွန်းဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဗဟန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ နိုင်ငံခြားသွားရောက်မယ့် ဝန်ထမ်းဆရာဝန်၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများထံမှ ကြိုတင်၍ ကျပ်သိန်း ၅၀ တောင်းခံခြင်းနဲ့စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ယင်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်မှုရှိတဲ့ အချက်အလက်အကြောင်းအရာလေးတချို့ကို အနည်းငယ် အကျဉ်းချုံးပြီး ရှင်းပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဘွဲ့ရဆရာဝန်များ၊ သူနာပြုဝန်ထမ်းများ၊ ကျွမ်းကျင်ဝန်ထမ်းများ ပြည်ပနိုင်ငံများသို့ အကြောင်းကိစ္စ အမျိုးမျိုးကြောင့် ရက်အနည်းငယ်ပင်ဖြစ်သော်လည်း သွားရောက်ရတဲ့အခါမှာ လေ့လာရေးဖြစ်စေ၊ ဆေးကုသမှုဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့်သွားတဲ့အခါမှာသွားရောက်လိုပါက ထုတ်ပြန်ထားတဲ့ ကတိခံဝန်ချုပ် Bond များမှာလက်မှတ်ထိုးရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန ၂၀၀၃ ခု၊ ဇန်နဝါရီလ ၇ ရက်နေ့စွဲပါစာအမှတ်၊ ၂ /မကသ/၂၀၀၂/ ၁၇၅/ပြည်ပခွင့်/ Ex-Myanmar Leave လျှောက်ထား သူများအတွက် ကတိခံဝန်ချုပ်ဆိုခြင်းကိစ္စ ထိုကတိခံဝန်ချုပ်မှာ မိသားစုအဖွဲ့ဝင်နှစ်ဦး၊ ပြန်တမ်းဝင် အရာရှိသုံးဦးတို့က ပြည်ပသွားရောက်မည့်သူ သည်သတ်မှတ်ထားသောနေ့ရက်များတွင် ပြန်လည် ရောက်ရှိမလာပါက ကိုယ်တိုင်ဖြစ်စေ၊ တစ်ဦးချင်းမှဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ဒဏ်ကြေးငွေကျပ်သိန်း ၅၀ တိတိကိုပေးဆောင်ရမည်ဖြစ်ကြောင်း၊ ပေးဆောင်နိုင်သော အခြေအနေလည်းရှိပါကြောင်း ဖော်ပြ ၍သဘောတူလက်မှတ်ရေးထိုးရပါတယ်။ ဒီကိစ္စဟာ ကျွန်တော်တို့ နိုင်ငံခြားသွားပြီးပညာသင်ခါစ ၁၉၇၀ ခုလောက်နှစ်ကအထိ ဒီ Bond ဆိုတာရှိခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ပညာရှင်များ ဆိုက်ဆိုက်မြိုက်မြိုက် ကိုယ့်နိုင်ငံအတွင်းကို ပညာသင်ယူပြီးတဲ့နောက် အကြောင်းအမျိုးမျိုးကြောင့် သွားရှိပြီးတဲ့နောက်မှာ ပြန်ရောက်လာဖို့ဆိုတဲ့ ရည်ရွယ်ချက်ကောင်းနဲ့ အလေအလွင့်မရှိအောင်ထား တဲ့ Bond ဖြစ်ပါတယ်။ ဒီ Bond ကို ကျင့်သုံးတဲ့အခါမှာလည်း ကျွန်တော်တို့ အတွေ့အကြုံအရတွေ့ ရတာကတော့ ရေရှည်မှာအထူးတလည် အောင်မြင်မှုတော့မရှိပါဘူး။ ပြန်လာမယ့်သူတွေဟာလည်း ပြန်လာကြတာပါပဲ။ ထို့နည်းတူ ပြန်မလာမယ့်သူတွေကလည်း ပြန်မလာကြပါဘူး။ သူတို့အကြောင်း တွေနဲ့သူတို့ရှိကြပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တဲ့အချက်ကလေးက အချက်နှစ်ခုရှိပါတယ်။

ပထမတစ်ချက်ကတော့ ဆရာဝန်အမျိုးမျိုးအစားစားရှိပါတယ်။ လူနာကိုဆေးကုတဲ့ပညာနဲ့ လူနာဆေးကုတဲ့ပညာရပ်မှာ ဘွဲ့ဒီဂရီအတွေ့အကြုံများစသည်ရှိလို့ ဆေးရုံများ၊ ဆေးခန်းများမှာ အလုပ်လုပ်နေတဲ့ Clinician ဆိုတဲ့ဆရာဝန်များလည်းရှိပါတယ်။ ထို့နည်းတူပဲ ကျွန်တော်တို့ ဆေးတက္ကသိုလ်ကြီးများ၊ သုတေသနအဆောက်အဦကြီးများ၊ သုတေသနဌာနများမှာ ဆေးကုသခြင်း အလုပ်ကိုမလုပ်ဘဲနဲ့ ပညာရှင်အဖြစ်နဲ့ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်များလည်း အများကြီးရှိပါတယ်။ သူတို့တွေဟာ M.B.B.S ရပြီးတဲ့နောက်မှာ သက်ဆိုင်ရာ ဘွဲ့လွန်ဒီဂရီများရရှိထားခြင်းဟာ ဆေးကုသခြင်းနဲ့ဆိုင်တဲ့ ပညာရပ်မဟုတ်ဘဲနဲ့ တခြားအခြေခံပညာရပ်တွေမှာသာ M.Sc, Ph.D စသည်ဖြင့်ဘွဲ့များရထားတဲ့ ပညာရှင်များဖြစ်ပါတယ်။ သူတို့တစ်တွေဟာ ဆေးကုသခြင်းအလုပ်ကိုလုပ်ပင် လုပ်ငြားသော်လည်း ကုသတဲ့ဘက်မှာ ကျွမ်းကျင်လိမ္မာမှုရှိပြီး၊ ဒီအတွက်သင်ယူထားတဲ့ Clinician များနဲ့တော့ သူတို့ကို တစ်ပြေးညီထားပြီးစဉ်းစားလို့မရတဲ့ အခြေအနေအချိန်အခါလေးတွေရှိပါတယ်။ ဒီလို ဆရာဝန်မျိုးတွေ၊ ဘွဲ့ရထားတဲ့သူနာပြုတွေ အခြားကျွမ်းကျင်ပညာရှင်တွေအတွက် နိုင်ငံခြားသွားခါနီးမှလတ်တလောသိန်း ၅၀ ရအောင်ရှာပေး Deposit အဖြစ်နဲ့ကြိုတင်ပေးဖို့ရာ အခက်အခဲလေးတွေရှိပါတယ်။ အထူးသဖြင့် မလွဲမသွေပြန်လာမယ့်လူများမှာ အခက်အခဲလေးတွေရှိပါတယ်။ ပြန်မလာဘူးလို့ ဆုံးဖြတ်ထားတဲ့လူတွေကတော့ သူတို့အကြောင်းနဲ့သူတို့၊ သူတို့နည်းနဲ့သူတို့ သူတို့ကြံဖန်လုပ်ဆောင်ထားတာလေးတွေရှိတဲ့အတွက် သူတို့အတွက်တော့ သိပ်မထောင်းသာလှဘူးလို့ ကျွန်တော်တို့မြင်ပါတယ်။ ဒီထက်ပိုပြီးတော့ အရေးကြီးတဲ့အချက်လေးတစ်ချက်က ကျွန်တော်တို့ဒီ Bond ထိုးတဲ့အခါမှာ ဒီခံဝန်ချုပ်ချုပ်ဆိုတဲ့အခါမှာ ခုနပြောသလို နိုင်ငံခြားသို့သွားရောက်သောသူသည် သတ်မှတ်ထားသောနေ့ရက်တွင်ပြန်လည်ရောက်ရှိမလာပါက ဆိုတဲ့အချိန်ကျမှ ကျွန်တော်တို့ သိန်း ၅၀ လျော်ကြေးပေးရတာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လက်ရှိကျင့်သုံးနေတဲ့ အခြေအနေမှာတော့ ဒဏ်ကြေးငွေသိန်း ၅၀ ကိုကြိုတင်ကောက်ခံနေခြင်းဖြစ်တဲ့အတွက်ကြောင့် ခံဝန်ချုပ်ပါ ပြဋ္ဌာန်းချက်များ၊ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်းကိုလည်းတွေ့ရှိရပါတယ်။ ဒါဟာ ခုလို အခြေအနေအချိန်အခါမျိုးမှာ ကျွန်တော်တို့အတွက် အထူးတလည်စဉ်းစားပေးရမယ့်ကိစ္စဖြစ်တယ်လို့ ကျွန်တော်ယူဆတဲ့အတွက် အများရဲ့စိတ်ဝင်စားမှုနဲ့အညီ ကျွန်တော်ကမေးပေးရခြင်းဖြစ်ပါတယ်။ သို့ဖြစ်၍ နိုင်ငံခြားသို့သွားရောက်မည့် ဆရာဝန်၊ ကျွမ်းကျင်ဝန်ထမ်းများထံမှ မသွားမီ ကြိုတင်၍ ကျပ်သိန်း ၅၀ ကောက်ခံနေခြင်းကို ကတိခံဝန်ချက် Bond နဲ့ ဖော်ပြထားသည်နဲ့အညီ ပြင်ဆင်တင်သွင်းရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း ကျွန်တော်လေးစားစွာနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကင်းစိန်၊ သရက်ချောင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကင်းစိန်(သရက်ချောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကင်းစိန်ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သရက်ချောင်းမြို့နယ်အတွင်းမှာ မြို့နယ်ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံတစ်ရုံနဲ့ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသုံးခုရှိပါတယ်။ ကျွန်တော်တို့ ပဲဒက်ကျေးရွာကျေးလက်ကျန်းမာရေးဌာနဟာ သရက်ချောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ၄၃ မိုင်ကွာဝေးပြီး၊ ရငဲတိုက်နယ်ဆေးရုံနှင့် ၁၉ မိုင်ကွာဝေးပါတယ်။ ထားဝယ်မြို့မှ မြိတ်မြို့သို့သွားသည့်အဝေးပြေးလမ်းမကြီးဟာလည်း ရွာရဲ့အလယ်ခေါင်ကိုဖြတ်သန်းသွားပြီး အောက်ပါအချက်အလက်များနှင့် ပြည့်စုံသောရွာကြီးတစ်ရွာဖြစ်ပါတယ်။ (က) လမ်းပန်းဆက်သွယ်ရေး အခြေအနေကောင်းမွန်ခြင်း၊ ကျေးရွာချင်းဆက်လမ်းများ အချိန်မရွေးသွားလာနိုင်ခြင်းရှိပါတယ်။ (ခ) ပဲဒက်ကျေးရွာအုပ်စုတွင် ကျေးရွာအုပ်စု ခုနှစ် အုပ်စုနှင့်ကျေးရွာ ၂၄ ရွာ၊ အိမ်ခြေ ၄၃၅၈ ဦးရှိပြီးတော့ လူဦးရေ ၃၀၀၀၀ ကျော်ခန့်ရှိပါတယ်။ (ဂ) ၎င်းကျေးရွာတွင် အစိုးရအထက်တန်းကျောင်း တစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ အ.လ.က ခွဲလေးကျောင်း၊ မူလွန်သုံးကျောင်းနှင့် အ.မ.က ၂၀ ရှိပါတယ်။ လက်လှည့်တယ်လီဖုန်းအိပ်ချိန်းတစ်ခု၊ ၎င်းဒေသတွင် CDMA ၄၅၀ တယ်လီဖုန်းများလည်းပဲ အလွယ်တကူပြောဆိုနိုင်ပါတယ်။ ကိုယ်ထူကိုယ်ထစနစ်နဲ့ မြဝတီရုပ်သံထပ်ဆင့်လွှင့်စက်ရှိခြင်း၊ ကျေးလက်လျှပ်စစ်မီးဖြန့်ဖြူးမှုရှိခြင်း၊ မကြာမီ မီရထားလမ်းရောက်ရှိလာမှာဖြစ်တဲ့အတွက် မီးရထားဘူတာရှိခြင်းတို့ဖြစ်ပါတယ်။ (ဃ) စီးပွားရေးကဏ္ဍအနေဖြင့် ဆီအုန်းစိုက်ပျိုးခြင်း၊ ဆီကြိတ်စက်ရုံရှိခြင်း၊ ဥယျာဉ်ခြံများစိုက်ပျိုး၍ ဥယျာဉ်ခြံထွက်သီးနှံများ ရောင်းဝယ်ခြင်း၊ ပင်လယ်ပြင်ငါးဖမ်းဆီးခြင်း လုပ်ငန်းများလုပ်ကိုင်ခြင်း၊ တောင်ယာများလုပ်ကိုင်ခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်နေတဲ့စီးပွားရေး အခြေခံကောင်းမွန်သော ရွာကြီးတစ်ရွာလည်းဖြစ်ပါတယ်။ (င) လုံခြုံရေးအခြေအနေအရ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့ အမာခံအင်အား ၃၀ ရှိခြင်း၊ မြန်မာနိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့များရှိခြင်း၊ အမှတ် (၈) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်မှ စစ်ကြောင်းများ မကြာခဏသွားလာနေခြင်း၊ အခြေစိုက်ဗျူဟာမှ တပ်မတော်သားများ မကြာခဏလာရောက်ခြင်းတို့ရှိပါတယ်။ (စ) ကျေးလက်ဆေးပေးခန်းနှင့် တစ်ဆက်တစ်စပ်တည်း မြေခြောက်ဧကခန့်ကိုလည်း လှူဒါန်းရန်အဆင့်သင့်ရှိပါတယ်။ ပဲဒက်ကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာန

တစ်ခုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ကျေးလက်ကျန်းမာရေးဌာနခွဲသာရှိခဲ့ပါတယ်။ ပဲဒက်ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူးတစ်ဦး၊ ကျန်းမာရေးဆရာမတစ်ဦး၊ သားဖွားဆရာမ ခုနှစ် ဦးရှိခဲ့ပါတယ်။ ၎င်းဒေသတွင် ဆရာဝန်တစ်ဦးမျှမရှိခဲ့ဘူးပါသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးနိုင်ရန်အတွက် အထူးလိုအပ်လျက်ရှိပါတယ်။ ယခုတင်ပြချက်များသည် ၎င်းဒေသရှိ ပြည်သူများ၏ အမှန်တကယ်လိုအပ်နေသော ပြည်သူများ၏ သဘောထားဆန္ဒများသာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (က) ပဲဒက်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား ၁၆ ကုတင်ဆံ့တိုက်နယ်ဆေးရုံဆင့်သို့ တိုးမြှင့်ပေးနိုင်ရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။ ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည် ဆိုတာကိုလည်းပဲ တစ်ဆက်တည်းသိလိုပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အစီအစဉ်ရှိမည်ဆိုပါက ၎င်းဆေးရုံအတွက်လိုအပ်သော စံသစ်ဆေးရုံနှင့် လိုအပ်တဲ့ဆက်စပ်ပစ္စည်းများကိုလည်း ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ပေးလှူရန်အဆင့်သင့်ရှိပါကြောင်း တစ်ဆက်တည်း ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်ရဲ့မေးမြန်းချက်ကတော့ ဒီလောက်ပါပဲခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနဲ့စပ်လျဉ်း၍ ဘက်စုံသားဖွားသင်တန်းနှင့် သူနာပြုသင်တန်းများကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးမြန်းဆွေးနွေးမှုအား စာဖြင့်ဖတ်ကြားဆွေးနွေးတင်ပြခွင့်ပြုပေးပါရန် လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးမြန်းဆွေးနွေးမှုဟာ နိုင်ငံတော်အကျိုးနဲ့ ပြည်သူများရဲ့အကျိုးကို ရည်ရွယ်ပြီးမေးမြန်းရခြင်းပဲဖြစ်ပါတယ်။ အာရောဂျံပရမံလာဘံ၊ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုသော စကားနဲ့အညီ ပြည်သူများရဲ့ကျန်းမာရေးဟာ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်လည်း အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါတယ်။ ယခုအခါ နိုင်ငံတော်မှလည်း ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ ကျန်းမာရေးတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် သင်တန်းအမျိုးမျိုး ဖွင့်လှစ်ပြီး ပြည်သူများရဲ့ ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများကိုလည်း ထိရောက်စွာဆောင်ရွက်

လျက်ရှိပါတယ်။ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေး၏တန်ဖိုးကိုနားလည်ကာ မိမိတို့ရဲ့ဒေသများ၌ ဆေးရုံကြီးများလိုအပ်မှု၊ ဆရာဝန်များလိုအပ်မှု၊ တိုက်နယ်ဆေးရုံ၊ ကျန်းမာရေးဌာန၊ ဌာနခွဲနှင့်ဝန်ထမ်းများအစရှိသဖြင့် လိုအပ်ချက်များကိုလည်း လွှတ်တော်ကြီးမှာ တင်ပြဆွေးနွေးနေကြတာတွေကိုလည်းများစွာကြားသိနေရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အတတ်ပညာဟာ ယနေ့ကာလအနေဖြင့် ကုသိုလ်လည်းရဝမ်းလည်းဝဆိုတဲ့စကားလို အသက်မွေးဝမ်းကျောင်းပညာရပ်လည်းဖြစ်ပါတယ်။ ဒီအထဲမှာ အချိန်ကာလနည်းနည်းနဲ့ အသက်မွေးဝမ်းကျောင်းပညာဖြစ်တဲ့ သင်တန်းကာလ ၁၈ လသာကြာတဲ့ဘက်စုံသားဖွားသင်တန်းနဲ့ သင်တန်းကာလ ၃ နှစ်ကြာတဲ့ သူနာပြုသင်တန်းများကို နိုင်ငံတော်အဝန်းမှ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားအမျိုးသမီးငယ်များ အထူးစိတ်ဝင်စားလျက်ရှိကြပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှခေါ်တဲ့ အဆိုပါ သင်တန်းများတက်ရောက်ခွင့်ရရန် လျှောက်ထားလိုသူများဟာလည်း လွန်စွာများပြားလျက်ရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။ ဒီလိုဘာ့ကြောင့် စိတ်ဝင်စားကြတာလဲဆိုရင် သင်တန်းများမှပြီးလာပါကလည်း အလုပ်အကိုင်အခွင့်အလမ်းများပေါများခြင်း အစိုးရဌာနမှအလုပ်မရလျှင်လည်း မိမိအတတ်ပညာဖြင့် ပုဂ္ဂလိကဆေးရုံကြီးများ၊ ဆေးခန်းများ၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှု လုပ်ငန်းများအစရှိသဖြင့် လုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်ကာ ဝင်ငွေများရရှိပြီး စားဝတ်နေရေးအတွက်အဆင်ပြေနေကြလို့ ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ သင်တန်းကျောင်း သင်တန်းသားများ တိုးချဲ့ခေါ်ယူမွေးထုတ်ပေးခြင်းများပြုလုပ်ကာ လူငယ်အမျိုးသမီးလေးများရဲ့ ဘဝရှင်သန်ရပ်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးခြင်း စားဝတ်နေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များကိုလည်း ဖြေလျှော့ပေးနိုင်မှာဖြစ်ပါတယ်။ ပြည်သူများရဲ့ကျန်းမာရေးကိုလည်း စောင့်ရှောက်ခြင်းဖြင့်နိုင်ငံ့အကျိုးကိုလည်း ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းအောင် လူငယ်အမျိုးသမီးလေးများဟာ အမျိုးသားများထက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်ကတစ်ကြောင်း၊ အလုပ်ကြမ်းများတွင်လုပ်ကိုင်ကြရန် စိတ်ဝင်စားမှုနည်းပါးသည်ကတစ်ကြောင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် ပညာရေးကဏ္ဍတို့မှာ လုပ်ကိုင်ဆောင်ရွက်လိုကြသူများ ပေါများခြင်းလည်းဖြစ်ကြပါတယ်။ အခြားစာပေးစာယူ တက္ကသိုလ်သင်တန်းများမှာ ငွေကုန်အချိန်ကုန် တက်ရောက်နေရ

ခြင်းထက် ဖော်ပြပါအသက်မွေးဝမ်းကျောင်း ပညာသင်ပေးတဲ့ ဘက်စုံသားဖွားသင်တန်းနဲ့ သူနာပြု သင်တန်းများမှာ အကျိုးရှိရှိတက်ရောက်လိုသူများ ပေါ်များခြင်းလည်း ဖြစ်ကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် ပြည်သူများ၏ပညာရေးနဲ့ ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဟုပါရှိထားပြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပုဒ်မ ၃၁ မှာ နိုင်ငံတော်သည် ပြည်သူများအလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမယ်လို့ပါရှိပါတယ်။ ဒါ့ကြောင့် တက္ကသိုလ်ဝင်တန်းအောင် အရည်အချင်းပြည့်မီသော လူငယ်အမျိုးသမီးလေးများအပေါ် အမျိုးသမီးလေးများ၏ဆန္ဒများကို ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူများ၏အကျိုးအတွက် ရည်ရွယ်ပြီး ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ (၁) နိုင်ငံတော်အနေဖြင့် ဘက်စုံသားဖွားသင်တန်းသားများနှင့် သူနာပြုသင်တန်းသားဦးရေအား ပိုမိုတိုးချဲ့ခေါ်ယူရန် အစီအစဉ်ရှိပါသလား။ (၂) လိုအပ်ပါကသင့်တော်သောဒေသများ၌ သင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ရန်အစီအစဉ်များ ရှိ၊ မရှိ သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက မေးခွန်းများကိုပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဒီနေ့ မေးတဲ့မေးခွန်း ၃ ခုကို ပြန်လည်ဖြေကြားပေးပါမယ်။

ပထမဆုံးမေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့်ရဲ့ နိုင်ငံခြားသွားရောက်မယ့်ဆရာဝန်၊ သူနာပြုကျွမ်းကျင်ဝန်ထမ်းများထံမှ ကြိုတင်ငွေကျပ်သိန်း ၅၀ တောင်းခံခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ ဆရာကြီးဦးမောင်မောင်ဝင့်တို့အနေနဲ့ကတော့ ကျန်းမာရေးဝန်ကြီးဌာနမှာလည်း ထမ်းဆောင်ခဲ့တဲ့အတွက် ဒါတွေကတော့ အသေးစိတ်သိပြီးသားဖြစ်မှာပါ။ ဒါပေမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနားလည်ဖို့နဲ့ ပြည်သူများလည်း အမြင်ရှင်းလင်းသွားဖို့ကို ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင် ဒီသိန်း ၅၀ ကောက်တဲ့ကိစ္စမှာ နိုင်ငံတော်အစိုးရက ပြည်ပနိုင်ငံသို့စေလွှတ်တာမှာ အစိုးရရဲ့အစီအစဉ်မဟုတ်ဘဲနဲ့သွားတာမှာ အမျိုးအစားအကြမ်းအားဖြင့် လေးမျိုးလောက်ခွဲခြားလို့ရပါတယ်။ အဲဒီတော့ ဦးစီးဌာနအသီးသီးမှာ ထမ်းဆောင်နေကြတဲ့ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျွမ်းကျင်သူတွေစတဲ့ ဝန်ထမ်းများက မိမိအစီအစဉ်ဖြင့် ကာလတိုအစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ လေ့လာရေးများသွား

ရောက်ရန် သွားကြတာမျိုးရှိပါတယ်။ ဆေးကုမ္ပဏီများ အစီအစဉ်နှင့် နိုင်ငံခြားက ဆက်သွယ်ထားတဲ့ တက္ကသိုလ် တက္ကသိုလ်ချင်းညှိနိုင်းမှုအစီအစဉ်နှင့် နိုင်ငံတော်က ကျန်းမာရေးဝန်ကြီးဌာနကစေလွှတ်တာမဟုတ်ဘဲ ကိုယ့်ဘာသာကိုယ်သွားကြတဲ့ တစ်အုပ်စုရှိပါတယ်။ နောက်တစ်ခုကတော့ ဝန်ထမ်းကိုယ်တိုင်နှင့် မိသားစုဝင်များပြည်ပနိုင်ငံများမှာ ဆေးကုသမှုခံဖို့အတွက် သွားကြတာရှိပါတယ်။ နောက်အုပ်စုတစ်စုကတော့ ပြည်ပမှာ အကြောင်းအမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်နေတဲ့ ဇနီး၊ ခင်ပွန်း၊ မိဘစသည်တို့ကိုလိုက်ပါဖို့ အလည်အပတ်သွားရောက်ဖို့သွားကြတဲ့ အမျိုးအစားကလည်း တစ်မျိုးရှိပါတယ်။ နောက်တစ်ခုကတော့ အခြားလူမှုရေးကိစ္စတွေ ဗုဒ္ဓဂါယာဘုရားဖူးသွားတာတို့၊ ဟဂ်ျသွားတာတို့စသည်ဖြင့်ဆိုတော့ အဲဒီလို လူတွေအတွက်ကို ပြည်ပလုပ်သက်ခွင့်ကို လုပ်ထုံးလုပ်နည်းနဲ့အညီ လျှောက်ထားခံစားခွင့်ရှိပါတယ်။ ဒီလျှောက်ထားချက်များအပေါ် ခွင့်ပြုလို့ရှိရင် ကျန်းမာရေးဝန်ကြီးဌာနမှနေပြီးတော့ ၇-၁-၂၀၀၃ ရက်စွဲပါစာအမှတ်၊ ၂ မက(၁၁)၂၀၀၂/၁၇၅ အရပြည်ပခွင့် (Ex-Myanmar Leave) လျှောက်လို့ရတယ်။ အဲဒီမှာ ကတိခံဝန်ချုပ်မှာ လက်မှတ်ရေးထိုးကြရပါတယ်။ ခံဝန်ချုပ်မှာ မိသားစုဝင်နှစ်ဦး၊ ပြန်တမ်းဝင် အရာရှိသုံးဦးတို့က ပြည်ပသွားမယ့်တာဝန်ခံယူသူဟာ မြန်မာနိုင်ငံမှထွက်ခွာတဲ့နေ့မှစပြီး သတ်မှတ်ရက်အတွင်း ပြန်လာခြင်းမရှိပါက ဦးစီးဌာနကို ဒဏ်ကြေးကျပ်သိန်း ၅၀ ကိုတာဝန်ခံယူသူကိုယ်တိုင်ဖြစ်စေ၊ တာဝန်ခံယူသူရဲ့ အမွေစား၊ အမွေခံများကဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်များကဖြစ်စေ ကောင်းမွန်ကျေနပ်စွာ ပေးဆောင်ပါမည့်အကြောင်း ပေးဆောင်ရန်ပျက်ကွက်ပါက အာမခံသူများက ပူးတွဲ၍သော်လည်းကောင်း တစ်ဦးတည်းသော်လည်းကောင်း၊ စိုက်ထုတ်ပေးလျော်ရန်နှင့် ထို့သို့စိုက်ထုတ်ပေးနိုင်ရန်အတွက် ပစ္စည်းအလုံအလောက်ရှိကြောင်း အထောက်အထားများဖော်ပြပြီးတော့ အဆိုပါပုဂ္ဂိုလ်များက သဘောတူလက်မှတ်ရေးထိုးကြရပါတယ်။

၂၀၁၁ ခုနှစ်၊ ဩဂုတ်လအထိ ကျင့်သုံးခဲ့တာကတော့ အဲဒီအဆိုပါ ကတိခံဝန်ချုပ်ချုပ်ဆိုခြင်းအပြင် ခံဝန်ချုပ်ပါစည်းကမ်းချက်များကို တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပခွင့်ခံစားလိုတဲ့ဝန်ထမ်းက အာမခံစပေါ်ကြေးငွေကျပ် သိန်း ၅၀ ကို သက်ဆိုင်ရာဦးစီးဌာနရုံးချုပ်ရဲ့ ငွေစာရင်းခေါင်းစဉ်ဖွင့်လှစ်ထားတဲ့ မြန်မာ့စီးပွားရေးဘဏ်ကို ကြိုတင်ပေးသွင်းရဖို့ကို လုပ်ငန်းလိုအပ်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနကစီစဉ်ခဲ့ပါတယ်။ ဦးစီးဌာနက ငွေသိမ်းထားခြင်းမဟုတ်ဘဲနဲ့ ကာယကံရှင်များက ဘဏ်မှာအပ်ပြီးတော့ ချလန်ကိုပဲ ဦးစီးဌာနကို တင်ပြတာဖြစ်ပါတယ်။ ဒါဘာကြောင့် ပြောရသလဲဆိုတော့ အခြားမေးခွန်းတစ်ခုမှာ ဒီလွှတ်တော်မှာပါပဲ။ အဲဒီငွေတွေကို ဘယ်လိုသုံးစွဲသလဲဆိုတာကို လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ကမေးထားလို့ ကျွန်တော်

တစ်ပါတည်းပြောတာပါ။ ကျွန်တော်တို့ မသုံးစွဲပါဘူး။ ကျန်းမာရေးဝန်ကြီးဌာနမှာလည်း အဲဒီပိုက်ဆံက ရောက်မလာပါဘူး။ ဒါသည် ဘဏ်မှာရှိပါတယ်။ ပြီးတော့ ဒီဦးစီးဌာနက ငွေသားသိမ်းဆည်းထားခြင်း မဟုတ်ဘဲနဲ့ ကာယကံရှင်ကိုယ်တိုင် ဦးစီးဌာနရဲ့ချလန်နဲ့ မြန်မာ့စီးပွားရေးဘဏ်မှာ အပ်နှံထားခြင်း ဖြစ်တယ်။ ပြည်ပခွင့်ခံစားပြီးတဲ့ ဝန်ထမ်းဟာ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ ပြီးတဲ့နောက်မှာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှာ နိုင်ငံကူးစာအုပ်ကို Passport ကို ပြန်အပ်ပြီးတဲ့အခါမှာ ပြန်အပ်ပြီးကြောင်းအထောက်အထားနဲ့ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ သက်ဆိုင်ရာ ဦးစီးဌာနများသို့ တင်ပြတဲ့အခါမှာ အဲဒီကနေ စပေါ်ငွေကို ကာယကံရှင်ကိုယ်တိုင်ပဲ ဦးစီးဌာနနဲ့ဘဏ် နဲ့ ပြန်လည်ထုတ်ယူဖို့ဖြစ်ပါတယ်။ အဲဒီတော့ ဘဏ္ဍာရေးစာရင်းများကိုလည်း နှစ်စဉ်စာရင်းစစ်အဖွဲ့နဲ့ စစ်ဆေးခံတာကိုလည်း ပြုလုပ်ဆောင်ရွက်ထားရှိပါတယ်။

အဲဒီတုန်းကတော့ ဘာဖြစ်လို့ အဲဒီလိုလုပ်ခဲ့ရတာလဲဆိုတော့ နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှု မရှိစေရန် ရည်ရွယ်သည်ကလည်းတစ်ကြောင်းပေါ့လေ။ နိုင်ငံခြားသွားရောက်ပြီးတော့ စည်းကမ်းချက် အတိုင်းပြန်မလာလို့ရှိရင် ကာယကံရှင် ဒါမှမဟုတ် အာမခံသူများထံမှ ဒဏ်ကြေးရယူရန် လက်တွေ့ မှာအခက်အခဲအများကြီးရှိတာကတစ်ကြောင်း၊ ဒဏ်ကြေးမပေးသွင်းလျှင်လည်း ထိရောက်စွာအရေး ယူနိုင်တဲ့ လုပ်ထုံးလုပ်နည်းများ ခံဝန်ချုပ်မှာမပါပါဘူး။ အဲဒီမှာ အားနည်းချက်ကလေးရှိပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနမှဝန်ထမ်းများ ကိုယ်ရေးကိစ္စများနဲ့ နိုင်ငံတော်နှင့် ကျန်းမာရေးဝန်ကြီး ဌာနက စေလွှတ်တာမဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ရေးကိုယ်တာကိစ္စများနဲ့သွားတဲ့အခါမှာ အချိန်တိုအတွင်း ဆောင်ရွက်နိုင်စေရန်အတွက် ဒီစပေါ်ငွေပေးသွင်းတဲ့ကိစ္စ လုပ်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီလိုလုပ်ခဲ့တဲ့ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးနဲ့ ပြည်ပခွင့်သွားရောက်တဲ့ ပုဂ္ဂိုလ်များအားလုံးဟာ ပြန်လည်ရောက်ရှိခဲ့ပြီးတော့ အာမခံစပေါ်ငွေ ဒဏ်ကြေးအဖြစ် သိမ်းဆည်းခဲ့ရခြင်းမရှိပါဘူး။ ဒီနေရာမှာလည်း ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီး ဌာနက တခြားဝန်ကြီးဌာနများထက်စာရင် တော်တော်လေး နိုင်ငံခြားသွားတာ အသွားအလာ တော်တော်များပါတယ်။ ဝန်ထမ်းအနေနဲ့ တရားဝင်စေလွှတ်တာ အပတ်စဉ် ပြည်ထောင်စုအစိုးရအဖွဲ့ ကိုတင်ပြတာမှာ အပတ်စဉ် ၂၀၊ ၂၅၊ ၃၀ ဟာ အမြဲလိုလိုရှိပြီးတော့ ဒါတွေကတော့ အစိမ်းခေါ်တာပေါ့ လေ။ အနီနဲ့သွားတာကတော့ အဲဒီထက် အဆပေါင်းများစွာ အပတ်စဉ်သွားနေကြတာဖြစ်ပါတယ်။ နောက်ပြီးတော့လည်း ပြန်မလာနိုင်တဲ့အရေးကိစ္စတွေကလည်း ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်း များက ဥပမာ- အထူးသဖြင့် ဆရာဝန်ကြီးများက ဟိုမှာသွားလို့ရှိရင် အလုပ်ရဖို့က တခြားဝန်ထမ်းများ ထက်ပိုလွယ်တယ်။ ပိုလွယ်တဲ့အခါကျတော့ ပြန်မလာဖို့ Chance တွေရှိတဲ့အတွက်ကြောင့်မို့လို့

ဒီလိုလေးလုပ်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအချိန်အခါက တာဝန်ရှိပုဂ္ဂိုလ်များက၊ ဒါပေမယ့်လည်း ကံကောင်းထောက်မစွာဖြင့် ဒီစပေါ်ငွေကို သိမ်းဆည်းခဲ့ရတာမရှိပါဘူး။ ဒါပေမယ့် ခြွင်းချက်အနေနဲ့ ကျွန်တော်တို့က ပြည်ပနိုင်ငံကိုသွားရောက်တဲ့အခါမှာ လစာနည်းဝန်ထမ်းတွေဖြစ်စေ၊ ဒါမှမဟုတ်လို့ ရှိရင်သွားရောက်သူဝန်ထမ်းက ကျန်းမာရေးအခြေခံနဲ့ နိုင်ငံခြားဆေးကုဖို့ သွားရောက်တဲ့အခါမှာ ကျွန်တော်တို့က ခြွင်းချက်အနေနဲ့ Extension ပေးပါတယ်။ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များ ကတော့ထောက်ခံပြီးတော့ Extension ပေးပါတယ်။ ဆေးကုသွားဖို့ ပိုက်ဆံကုန်ရတဲ့အထဲမှာ ကျွန်တော်တို့က သိန်း ၅၀ ထပ်ကောက်ထားတယ်ဆိုတာ မဖြစ်အောင်လည်း ကျွန်တော်တို့ လုပ်ခဲ့ကြပါ တယ်။ ဒီလိုလုပ်ခဲ့ပေမယ့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၂၆-၈-၂၀၁၁ ရက်စွဲပါစာအမှတ်၊ ၃ /၂၃၀ (အထွေထွေ)/အဖရ/၂၀၁၁ ဖြင့်ညွှန်ကြားချက်အရ ၁-၉-၂၀၁၁ မှစပြီးတော့ အာမခံစပေါ်ကြေးကို ကောက်ခံခြင်းမပြုတော့ဘူး။ ဒါပေမယ့် ကျွန်တော်တို့က ဘာကိုလိုလားလည်းဆိုတော့ ဒီ Bond ဖြစ် ပေါ်လာပုံပေါ့။ ဒီအာမခံစာချုပ်ဖြစ်ပေါ်လာပုံက နိုင်ငံခြားပညာတော်သင်ကိစ္စနဲ့ အခြေခံပြီးဖြစ်ပေါ် လာတာပါ။ သိန်း ၅၀ ဆိုတဲ့ကိစ္စက ၅ နှစ် သိန်း ၅၀ Bond။ အဲဒီတော့ တစ်ချိန်က MRCP, FRCS သင်တန်းများက နိုင်ငံတော်က ငွေကြေးအကုန်အကျ ကျခံပြီးပို့ခဲ့တဲ့ အစအဆုံးအပြီးအစီး အကုန်အကျ ကျခံပြီး ပို့ခဲ့တဲ့ခေတ်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ပညာရေးဌာန၊ ကျန်းမာရေးဌာနမှမဟုတ်ပါဘူး။ တစ်ချိန်တုန်းက သိပ္ပံမောင်ဝတို့၊ ဘာတို့ခေတ်က သွားခဲ့တာတွေက နိုင်ငံတော်က အစအဆုံးကျခံပါ တယ်။ ဒီဘက်ခေတ်မှာ ကျွန်တော်တို့တွေခေတ်မှာကျတော့ နိုင်ငံတော်က အစအဆုံးကျခံတာ မဟုတ်တော့ဘဲနဲ့ မိမိကိုယ်ပိုင်ငွေကို နိုင်ငံခြားငွေနဲ့လဲလှယ်ပြီးတော့ ကျခံတဲ့စနစ်ဖြစ်သွားပါတယ်။ ပညာတော်သင်လို့ဆိုပေမယ့် ကိုယ့်စရိတ်နဲ့ကိုယ်သွားရတာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်က အစိုးရနှုန်းထားနဲ့ ငွေလဲပေးပါတယ်။ ကျပ်ငွေကို ပေါင်ဆိုရင်လည်းပေါင်။ ဒေါ်လာဆိုရင်လည်း ဒေါ်လာပေါ့။ လဲပေးပါတယ်။ အဲဒီစနစ်ဖြစ်လာပါတယ်။ အဲဒီအခါမှာ သိန်း ၅၀ ဆိုတာ အဲဒီအချိန်မှာ ပေါ်လာခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ ဒါပေမယ့် ဒီဘက်ခေတ်မှာ အခုအချိန်မှာ နိုင်ငံခြားပညာတော်သင်တွေ ကိုလွတ်လပ်စွာဖွင့်ပြီးတဲ့အချိန်မှာ အဲဒီလိုလဲပေးတဲ့စနစ်မရှိတော့ပါဘူး။ လေယာဉ်ပျံခရော၊ စာမေးပွဲ ဝင်ကြေးရော၊ နေရေးထိုင်ရေးစရိတ်ရော အားလုံးကို သက်ဆိုင်ရာပညာတော်သင်ကျောင်းသားက အစအဆုံး ကိုယ်တိုင်ကျခံရတာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ချိန်တုန်းက နိုင်ငံတော်က အစစ အရာရာစိုက်ထုတ်ခဲ့တဲ့ အချိန်တုန်းက အသုံးပြုခဲ့တဲ့စာချုပ်သည် အခုအချိန်မှာ ကာယကံရှင်ကိုယ်တိုင် အစစအရာရာ ကိုယ်တိုင်အကုန်အကျခံပြီးသွားရတဲ့ခေတ်မှာ ခေတ်စနစ်နဲ့ အံဝင်ခြင်းမရှိတော့ဘူး ဆိုတာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နားလည်ပါတယ်။ အဲဒီအတွက်ကို Bond ကိုပြန်လည်သုံးသပ်

ပြီးတော့ စနစ်တကျ ဥပဒေနည်းလမ်းကျအောင် ခိုင်မာအောင် ပြုပြင်ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ နောက်တစ်ချက်က စောစောက ကျွန်တော်တင်ပြသွားခဲ့သလိုပဲ နိုင်ငံခြားကိုထွက်တဲ့အခါမှာပညာတော်သင်ကိစ္စချည်းပဲ မဟုတ်ဘူးခင်ဗျ။ ကိုယ့်အစီအစဉ်နဲ့ကိုယ် WorkShop တွေသွားတက်တာ၊ Meeting တွေသွားတာ၊ Short Course ကလေးတွေ သင်တန်းတက်တာရှိသလို ဆေးကုသသွားဖို့လည်းရှိတယ်။ အလည်အပတ်သွားတာလည်းရှိတယ်။ နောက် အခြားလူမှုရေးကိစ္စတွေပေါ့လေ။ ဗုဒ္ဓဂါယာတို့၊ ဟာ့ချ်တို့သွားတာတွေလည်းရှိတော့ သွားရခြင်းအကြောင်းအရင်းတွေ မတူညီတဲ့အတွက်မတူညီတဲ့ကိစ္စများကို တူညီသော Bond တစ်ခုတည်းထားတာကကော သဘာဝကျပါ့မလားဆိုတာလည်း ကျွန်တော်တို့ ရှေ့နေချုပ်ရုံးနဲ့ ပြန်လည်စဉ်းစားသုံးသပ်ပြီးတော့ ခံဝန်ချုပ်ကို ဥပဒေနဲ့အညီ လက်ရှိကျင့်သုံးနေတဲ့ စနစ်နဲ့အညီ ခိုင်မာအောင် ပြင်ဆင်ဖြည့်စွက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (ဩဘာသံများ)

ဒုတိယမေးခွန်းအနေနဲ့ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကင်းစိန်ရဲ့ မေးခွန်းပဲဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ပဲဒက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ပတ်သက်ပြီးတော့ သရက်ချောင်းမြို့နယ်မှာ ၂၅ ခုတင်ဆံ့မြို့နယ်ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ ရဲတိုက်နယ်ဆေးရုံ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနတစ်ခု၊ ငှက်ဖျားတိုက်ဖျက်ရေးဌာနတစ်ခု ကျေးလက်ကျန်းမာရေးဌာန လေးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၆ ခုတို့ဖြင့်ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ ကျန်းမာရေး ဝန်ကြီးဌာနအနေနဲ့ ပဲဒက်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်တိုးမြှင့်နိုင်ရန်အတွက် တင်ပြထားခြင်းမရှိသေးပါဘူး။ ဒေသခံပြည်သူများက တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးအတွက်စိတ်အားထက်သန်ပါက တည်နေရာမြေပုံ၊ ဧရိယာအကျယ်အဝန်း၊ လူဦးရေနှင့်အိမ်ခြေ၊ တိုက်နယ်ဆေးရုံဖွင့်လှစ်ပါက အကျိုးပြုမယ့် လွှမ်းခြုံနိုင်မယ့်ဧရိယာအကျယ်အဝန်း၊ အနီးဆုံးဆေးရုံသို့မဟုတ် ကျန်းမာရေးဌာနများနှင့်အကွာအဝေး၊ လက်ရှိကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားခြင်းရှိမရှိနှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ လုံခြုံမှုအခြေအနေ၊ လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးမှုအခြေအနေများကို တင်ပြပြီးတော့ အဆင့်ဆင့် တနင်္သာရီတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနရဲ့ သဘောထားမှတ်ချက်၊ ထောက်ခံချက်တို့ပါဝင်တဲ့ ဖွဲ့စည်းပုံအဆိုပြုတင်ပြရာတွင်ပါရှိမည့်စာရင်းအင်းအချက်အလက်များနှင့်အတူ ကျန်းမာရေးဌာနသို့ အဆိုပြုတင်ပြရန်ဖြစ်တဲ့အကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားလိုပါတယ်။

တတိယမေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရဲ့ မေးခွန်းဖြစ်ပါတယ်။ သူ့ရဲ့မေးခွန်းမှာ ကျွန်တော်တို့သူနာပြုနှင့်ဘက်စုံသားဖွားသင်တန်းသားများနဲ့ပတ်သက်လို့ ပိုမိုတိုးချဲ့ခေါ်ယူရန် အစီအစဉ်ရှိ၊ မရှိနဲ့ပတ်သက်လို့ မေးထားတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနက ၁၉၉၃ ခုနှစ် မတိုင်မီက သူနာပြုသင်တန်းကျောင်း ခြောက်ကျောင်းနဲ့ သားဖွားသင်တန်းကျောင်း ၁၆ ကျောင်း၊ သူနာပြုသင်တန်းသား ၅၀၀ နဲ့ သားဖွားသင်တန်းသူ ၅၀၀ လျာထားပြီး လေ့ကျင့်မွေးထုတ်လျက်ရှိရာမှသူနာပြုနဲ့ သားဖွားသင်တန်းကျောင်းများကို ၁၉၉၃-၁၉၉၄ နှစ်ကစပြီးတော့ စီမံချက်အတိုင်း တိုးချဲ့ဖွင့်လှစ်ထားတဲ့အခါမှာ တိုင်းဒေသကြီးများနဲ့ပြည်နယ်များမှာ သူနာပြုသင်တန်းကျောင်းကြီးပဲ ၂၃ ကျောင်း၊ သားဖွားသင်တန်းကျောင်း ၂၀၊ သူနာပြုနဲ့နှီးနွယ်သင်တန်းကျောင်း သုံးကျောင်း၊ စုစုပေါင်း ၄၆ ကျောင်းဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ နှစ်စဉ်သူနာပြုဒီပလိုမာ သုံးနှစ် သင်တန်းသား၊ သင်တန်းသူ ၁၂၀၀၊ ဘက်စုံသားဖွား ၁၈ လ သင်တန်းသူ ၁၀၀၀ ဦးအထိ လျာထားခဲ့သော်လည်း လိုအပ်ချက်အရမှာ ၎င်းဦးရေထက်ကို နှစ်စဉ်ပိုမိုခေါ်ယူသင်တန်းပေးလျက်ရှိရာမှာ လက်ရှိအခြေအနေမှာ သင်တန်းကျောင်းများရဲ့ လေ့ကျင့်မွေးထုတ်ပေးနိုင်တဲ့ အမြင့်ဆုံးပမာဏကို ရောက်ရှိနေပြီဖြစ်ပါတယ်။ တစ်လောကတင်ပြသွားသလို ကျွန်တော်တို့ချင်းတောင်မှာ ချင်းပြည်နယ်မှာ သားဖွားသင်တန်းကျောင်း ဒီဟားခါးမှာ မဖွင့်နိုင်တဲ့ကိစ္စမှာလည်း ကျွန်တော်တင်ပြသွားခဲ့သလိုပဲ သင်တန်းပေးနိုင်ဖို့အတွက်ကို လိုအပ်သောမွေးလူနာအရေအတွက်နည်းနေလို့ အချို့သောဒေသလေးတွေမှာတော့ ကျွန်တော်တို့ဖွင့်နိုင်ချေမရှိပါဘူး။ ဒါ့အပြင် (ရန်ကုန်) သူနာပြုတက္ကသိုလ်နဲ့ (မန္တလေး) သူနာပြုတက္ကသိုလ်တို့မှလည်း သူနာပြုသိပ္ပံဘွဲ့ရကျောင်းသား၊ ကျောင်းသူ ၃၀၀ ကို နှစ်စဉ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်။ သူနာပြုမှာ ကျွန်တော်တို့က သူနာပြုသင်တန်းကတော့ ဒီပလိုမာပေးပါတယ်။ သူနာပြုတက္ကသိုလ်ကတော့ Bachelor B.N.Sc ဘွဲ့ပေးပါတယ်ဆိုတော့ အခုအချိန်မှာ အင်အားပြည့်တော့ထုတ်လုပ်လျက်ရှိနေတယ်။ ဒါပေမယ့် တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ သူနာပြုသားဖွားနဲ့ သူနာပြုနှီးနွယ်သင်တန်းစုစုပေါင်း ၄၆ ထိတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သော်လည်း နိုင်ငံတော်၏လူမှုရေး၊ စီးပွားရေးတိုးတက်ပြောင်းလဲလာမှုနဲ့ လူဦးရေတိုးတက်လာမှုနဲ့ လိုက်လျောညီထွေရှိစေဖို့အတွက် ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ပိုမိုကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် သူနာပြုနဲ့သားဖွားသင်တန်းကျောင်းများကို သင့်လျော်တဲ့ဒေသများမှာ

လိုအပ်သလို တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမယ်ဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုကျန်းမာရေးဝန်ကြီး ပြန်လည်ဖြေဆိုသွားတဲ့နေရာမှာ ဆရာကြီး ဒေါက်တာမောင်မောင်ဝင့် တင်ပြတဲ့အကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ဥပဒေများ ပြန်လည်ပြင်ဆင်ရေးဆွဲဖို့ရှိတယ်။ ဒါလည်း ရှေ့နေချုပ်ရုံးနဲ့တိုင်ပင်မယ်။ ညှိနှိုင်းမယ်ဆိုတဲ့ဟာ တင်ပြသွားတဲ့အတွက် ဒီမှာလည်း ရှေ့နေချုပ်ရုံး၊ ရှေ့နေချုပ်ကြီးပါတဲ့အတွက် ဒါလည်းအမြန်ဆုံး အကောင်အထည်ဖော်မယ်လို့ထင်ပါတယ်။ နောက်ဦးခင်စိန်၊ သရက်ချောင်း၊ ပဲဒက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆင့်တိုးမြှင့်ရေးနဲ့ပတ်သက်လို့ မေးခွန်းမေးသွားတဲ့အခါမှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရဲ့ ပြန်လည်ဖြေကြားမှုက Procedure ပိုင်းအနေနဲ့လိုတယ်။ Procedure အတိုင်းတင်မယ်ဆိုရင်တော့ စဉ်းစားလို့ရတယ်။ စဉ်းစားပေးမယ်ဆိုတဲ့ အနေအထားဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ သီးခြားလည်းတင်ပြထားတာရှိတဲ့အတွက် Procedure မှန်အောင်နဲ့ ဒီ Procedure ကို အမြန်ဆုံး ဒီကျန်းမာရေးဝန်ကြီးဌာနရောက်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဦးအောင်မြင့်၊ ဂန့်ဂေါကတော့ သူမေးတဲ့မေးခွန်းကောင်းပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီနေ့လည်း ကျန်းမာရေးဝန်ကြီးဌာနက သင်တန်းကျောင်းပေါင်း ၄၆ ခုဆိုတဲ့အတွက် တော်တော်တော့များပြီးတော့ မနည်းတဲ့ကိစ္စလည်းဖြစ်ပါတယ်။ အဲဒီမှာ သင်တန်းတစ်ခုဖွင့်မယ်ဆိုလို့ရှိရင်လည်း ဒါဝန်ကြီးကတော့ ဒီမှာတော့ ဖြေသွားတာမရှိပါဘူး။ သင်တန်းသားတွေကို သင်ကြားပေးနိုင်မယ့် ဆရာနည်းပြများလည်း လိုအပ်တယ်ဆိုတာလည်း ဒါလိုပါတယ်။ အဲဒါအပြင် ခုနက ဝန်ကြီးရှင်းပြသွားတာကတော့ တက်မယ့်သင်တန်းသားနဲ့ ဟိုမှာတက်တဲ့နေရာမှာ သင်တန်းသားကိုသင်ပေးမယ့် ပြောမယ်ဆိုရင်တော့ ခုနက လူနာပဲရှိဖို့လိုမယ်ဆိုတာလည်း ပါသွားပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့မေးတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရဲ့ဖြေကြားမှုကို ကျွန်တော်လိုတာလေးတွေ ထပ်ဆင့်ညှိနှိုင်းပြီးတော့ ပြန်ကြားခြင်းပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမေးခွန်းတွေကလည်း ကျွန်တော်ဆီကိုမေးခိုင်းပြီးတော့ ကျွန်တော်က တစ်ဆင့်ပြန်ပြီးတော့ ဖြေကြားရမယ်ဆိုတာလည်းပါတဲ့အတွက် ပြန်ဖြေကြားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးခင်ဝင်း၊ ပန်းတောင်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ဝင်း(ပန်းတောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်

ကပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပန်းတောင်းမြို့နယ်မှာ GSM Tower တိုင်စိုက်ထူထားခြင်းမရှိသေးပါဘူး။ ရွှေတောင်တစ်ဖက်ကမ်းဖြစ်တဲ့ ရွှေတောင်မြို့နယ်ရဲ့ Tower တိုင်ကိုအမှီပြုပြီးတော့ ကျွန်တော်တို့ကအသုံးပြုနေရတာဖြစ်ပါတယ်။ အဲဒီလိုအသုံးပြုရ တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ဆီမှာ မြို့ပေါ်ရပ်ကွက်ဖြစ်တဲ့ တချို့ရပ်ကွက်တွေပဲရပြီးတော့ ဒီနယ်စွန်နယ်ဖျားမှာရှိတဲ့ အလုပ်ရုံ၊ စက်ရုံတွေကမမှီပါဘူး။ မမှီတဲ့အတွက် ကျွန်တော်တို့ ပန်းတောင်းမြို့နယ်မှာ GSM Tower တိုင်တိုးချဲ့တပ်ဆင်ပေးရန် အစီအစဥ် ရှိ၊ မရှိကိုသိရှိလိုပါတယ်။ ဒါကြောင့်မို့လို့ ကျေးဇူးပြုပြီးတော့ အစီအစဥ်ရှိ၊မရှိကို ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံးမင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချောက်မြို့နယ်တယ်လီဖုန်းဆက်သွယ်မှုတိုးတက်ရေးနဲ့ပတ်သက်တဲ့ မေးခွန်းများမေးမြန်းလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချောက်မြို့နယ်မှာ ဆက်သွယ်ရေး၊ စာတိုက်နဲ့ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၁၉၈၆ ခုနှစ်မှစတင်ပြီးတော့ ကြိုးဖုန်းအလုံးပေါင်း ၁၃၀၀၊ ဩဂုတ်လ ၁ ရက် ၂၀၀၉ မှ စတင်ပြီးတော့ GSM တယ်လီဖုန်းအလုံး ၅၀၀ နဲ့ ၂၀၁၁၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှစတင်ပြီး CDMA တယ်လီဖုန်းအလုံး ၁၂၀၀ တပ်ဆင်ခွင့်ပြုခဲ့ပါ၍ မြို့သူမြို့သားများပါ အထူးဝမ်းမြောက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဝန်ကြီးဌာနတာဝန်ရှိသူများကိုအထူးကျေးဇူးတင်လျက်ရှိပါတယ်။ သို့သော်လည်းပဲ ချောက်မြို့နယ်ရှိ တယ်လီဖုန်းဆက်သွယ်မှုများမကြာခဏ ပြတ်တောက်လေ့ရှိပါတယ်။ အထူးသဖြင့် မိုးသည်းထန်စွာရွာသွန်းသည့် အချိန်များမှာ ပြတ်တောက်လေ့ရှိပါတယ်။ ချောက်မြို့ဟာ မိုးနည်းရေရှားဒေသဖြစ်ပြီး၊ မိုးရွာတဲ့အတွက် ပျော်ရွှင်ကြရသော်လည်းပဲ တယ်လီဖုန်းများပြတ်တောက်လေ့ရှိသဖြင့်ဝမ်းနည်းကြရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ချောက်မြို့၊ ရတနာအိုင့်ရပ်ကွက်မှာ တည်ဆောက်ထားတဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတယ်လီဖုန်းအိတ်ချိန်းအဆောက်အဦမှာ တမာအိုင့်ချောင်းနှင့် နီးကပ်စွာတည်ရှိသဖြင့် မိုးသည်းထန်စွာရွာသွန်း

သည့်အချိန်မှာ ချောင်းရေများဝင်လေ့ရှိပါတယ်။ ၂၀၁၀ ခုနှစ်၊ ဂီရိမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာတဲ့ရက်ကာလမှာ ရက်အတန်ကြာချောင်းရေကြောင့် ထိခိုက်ခဲ့ဖူးပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းများကတော့ (၁) အဆိုပါ တယ်လီဖုန်းအိတ်ချိန်းအဆောက်အဦကို အခြားသင့်တော်မည့်နေရာသို့ ပြောင်းရွှေ့တည်ဆောက်နိုင်မည့် အစီအစဉ်များရှိမရှိ။ သို့မဟုတ် ချောင်းရေတက်သည့်အခါ မထိခိုက်စေရန် အစီအမံများဆောင်ရွက်ထားမှုအခြေအနေ (၂) ချောက်မြို့နယ်ရှိ တပ်ဆင်ပြီးဖုန်းလိုင်းများ၊ လက်ကိုင်ဖုန်းများဆက်သွယ်မှုမကြာခဏ ပြတ်တောက်လေ့ရှိခြင်းကို ပြုပြင်မည့်အစီအစဉ်ရှိမရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။မိုးရွာ၍ပျော်သည်။ ဖုန်းလိုင်းပြတ်၍ ဝမ်းနည်းသည်။ ငို၍ရယ်၍မရသောမျက်နှာဖြစ်သည်။ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းသီဟကျော် (ခ) စိုင်းဟတ်မှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မိုင်းရယ်မြို့ဟာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ မြို့နယ်ထဲမှာ တစ်မြို့အပါအဝင်ဖြစ်ပါတယ်။ ယခုအခါ ကျွန်တော်တို့မြို့မှာ ကိုယ်ထူကိုယ်ထစနစ် IP Star ဂြိုလ်တုဖုန်းဖြင့် EPA PH စနစ်အသုံးပြုကာ ဆက်သွယ်အသုံးပြုလျက်ရှိတဲ့ တယ်လီဖုန်းစနစ် ၂ ခုရှိပြီးတော့ CDMA-450 MHz ဖုန်းများကိုလည်း ကိုယ်စီကိုယ်ငှ အင်တာနာတိုင်များ စိုက်ထူပြီးရတဲ့နည်းနဲ့ အသုံးပြုနေကြတာ တချို့ရှိပါတယ်။ သို့သော်လည်းပဲ ဖုန်းလိုင်းများဟာ မိတချက်၊ မမိတချက်နဲ့ တော်တော်လေးကို ခက်ခက်ခဲခဲခေါ်ဆိုခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ အခြားဒေသများနည်းတူ ကျွန်တော်တို့ဒေသကိုလည်း ဖွံ့ဖြိုးတိုးတက်မှုဆက်လက် နောက်ကျကျန်ရစ်မနေစေရေး ရည်သန်၍ အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ငါး နှစ်အတွင်း တယ်လီဖုန်းအလုံးရေ ၃၀ သန်းတပ်ဆင်ပေးပါမည့်အကြောင်းနဲ့ ပထမတစ်နှစ်အတွင်း တယ်လီဖုန်းအလုံးရေ ၄ သန်း တပ်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရှိရပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့တဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မြို့နယ် ပြည်သူများမှ ဆက်သွယ်အသုံးပြုလွယ်ကူသော တယ်လီဖုန်းစနစ်တစ်ခုကို အမြန်ဆုံးရရှိရေး မျှော်လင့်လျက်ရှိပါတယ်။ ဆောင်ရွက်ပေး

နိုင်ပါရန်လည်းတောင်းဆိုလိုပါတယ်ခင်ဗျား။ မေးမြန်းလိုသည်မှာ ဝန်ကြီးဌာနအနေဖြင့် ပထမတစ်နှစ်အတွင်း ဖုန်းတပ်ဆင်ပေးရန်လျာထားချက်မှာ မိုင်းရယ်မြို့နယ်အတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် အပြီးဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူများကိုယ်စားလေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဂါရဝတရားရှေ့ထား၍ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်က ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ဖြစ်ပါတယ်။ ပထမဆုံး ကျွန်တော် ပန်းတောင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း မေးမြန်းသွားတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားပါမယ်။ ပန်းတောင်းမြို့နယ်မှာ ကြို့ကုန်းမိုက္ကရိုစခန်းမှာ ၅-၁၁-၂၀၁၀ ရက်နေ့ကစပြီးတော့ CDMA-450 ကိုတပ်ဆင်ပေးထားပြီးဖြစ်တဲ့အတွက် ပန်းတောင်းမြို့နယ်မှာ CDMA-450 တယ်လီဖုန်းကို အသုံးပြုနိုင်ပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ပန်းတောင်းမြို့မှာ GSM တယ်လီဖုန်းတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို ယခု GSM Mobile တိုးချဲ့စီမံကိန်းပထမနှစ်ရဲ့ ဒုတိယအဆင့်မှာ ယခုပထမနှစ်ရဲ့ ပထမအဆင့်က ကျွန်တော်တို့ လွန်ခဲ့တဲ့ ၂ လ ကစပြီးတော့ စတင်နေပြီဖြစ်ပါတယ်။ ပထမနှစ်ရဲ့ ဒုတိယအဆင့်မှာလိုင်း ၃၀၀၀ နဲ့ တတိယအဆင့်မှာလိုင်း ၃၀၀၀ ကျွန်တော်တို့ ပန်းတောင်းမြို့နယ်အတွင်းမှာ တပ်ဆင်ရန်ဆောင်ရွက်ထားပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ချောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ရဲ့ မေးခွန်းကိုဖြေကြားလိုပါတယ်။ ချောက်အော်တိုအိတ်ချိန်းဟာ ရတနာအိုင့်ရပ်ကွက်၊ တမာအိုင့်ချောင်းအနီးမှာတည်ရှိတဲ့အတွက် ချောင်းရေတွေလွန်ကဲစွာ လျှံတက်မှုဖြစ်ပေါ်တဲ့အချိန်မှာ အော်တိုအိတ်ချိန်းဝန်းအတွင်းကို ချောင်းရေဝင်ရောက်မှုရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ မှတ်တမ်းအရတော့ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလအတွင်းမှာ တိုက်ခတ်ခဲ့တဲ့ဂီရိမုန်တိုင်းတိုက်ခတ်စဉ်တစ်ကြိမ် အိတ်ချိန်းအတွင်းကို ရေဝင်ရောက်တဲ့အတွက် စက်ပစ္စည်းများ ပျက်စီးမှုကာကွယ်ဖို့အတွက် အဆိုပါကာလမှာ အိတ်ချိန်းကို ပါဝါပိတ်ထားခဲ့ခြင်းရှိခဲ့ဖူးပါတယ်။ ကျန်ကာလများမှာတော့ အိတ်ချိန်းအတွင်းကို ရေဝင်ရောက်မှုမရှိခဲ့ပါဘူး။ အော်တိုအိတ်ချိန်းတစ်ခု စတင်တည်ဆောက်ဖို့ စီစဉ်ဆောင်ရွက်တဲ့အခါမှာ

မြို့ပေါ်မှာရှိတဲ့ မြို့ရဲ့လူဦးရေ၊ အိတ်ချိန်းရဲ့လျှပ်စစ်မီးရရှိနိုင်မှု၊ ဆက်ကြောင်းများတည်ဆောက်နိုင်မှု အခြေအနေ၊ မြေအခြေအနေ စသည်တို့ကို တိုင်းတာပြီးတော့မှ ရွေးချယ်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ အော်တိုအိတ်ချိန်းမှ တယ်လီဖုန်းသုံးစွဲသူများကို တယ်လီဖုန်း ဖြန့်ဝေတပ်ဆင်ပေးနိုင်မှုကို လည်းပဲမြို့တွင်းကေဘယ်လ်၊ မြေအောက်ကေဘယ်လ်၊ မြေပေါ်ကေဘယ်လ် စသည်ဖြင့် အဆင့်ဆင့် တပ်ဆင်တည်ဆောက်ထားတာဖြစ်ပါတယ်။ တည်ဆောက်ပြီး အော်တိုအိတ်ချိန်းတစ်ခုကို နေရာပြောင်းရွှေ့ဆောက်လုပ်မယ်ဆိုရင် ကုန်ကျစရိတ်လွန်စွာများပြားသည့်အပြင် ပြောင်းရွှေ့နေစဉ်မှာ ပြည်သူတွေ ဆက်သွယ်မှုမပြတ်ဖို့အတွက် အလားတူ ကျွန်တော်တို့ အရန်အိတ်ချိန်းတစ်ခုနဲ့ စက်ပစ္စည်းများ တပ်ဆင်ပြီးမှသာ ပြောင်းရွှေ့ရမှာဖြစ်တဲ့အတွက် လောလောဆယ်တော့ ကျွန်တော်တို့အဆိုပါချောက်အော်တိုအိတ်ချိန်းကို နေရာပြောင်းရွှေ့ဖို့ အစီအစဉ်မရှိသေးပါဘူး။ အိတ်ချိန်းဝင်းအတွင်းကို ရေဝင်ရောက်မှုမရှိဘို့အတွက် အိတ်ချိန်းပတ်ပတ်လည်မှာလိုအပ်တဲ့ ရေတားနံရံများတည်ဆောက်ခြင်း၊ ရေမြန်မြန်စီးပြီးတော့ ရေနုတ်နိုင်တဲ့အတွက် ရေနုတ်မြောင်းများတည်ဆောက်ခြင်း၊ ချောင်းရေဝင်ရောက်မှုမှ ကာကွယ်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။ ချောက်အော်တိုအိတ်ချိန်းကို ၁၅-၁၁-၁၉၈၆ မှာစတင်ဖွင့်လှစ်ခဲ့ပြီးတော့ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ပိုမိုတိုးတက်ကောင်းမွန်တဲ့လိုင်း ၁၀၀၀ ပါအိတ်ချိန်းများနှင့် ထပ်မံတပ်ဆင်ထားတာဖြစ်ပါတယ်။ ချောက်အော်တိုအိတ်ချိန်းဟာ ကျွန်တော်တို့ မန္တလေး၊ မကွေး၊ ကျွန်တော်တို့ ချောက်စသည်တို့နဲ့ ဒေသအသီးသီးကနေပြီးတော့ ချိတ်ဆက်ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒီလိုချိတ်ဆက်ဆောင်ရွက်ရာမှာ ကျွန်တော်တို့ ရာသီဥတုနဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ဖိုင်ဘာပြတ်တောက်မှုဖြစ်ပွားတဲ့အခါမှာ ယခုနှစ်အတွင်းမှာ စုစုပေါင်း ကျွန်တော်တို့ ၁၄ ကြိမ်ပြတ်တောက်ခဲ့တာကိုတွေ့ရှိရပါတယ်။ အဲလို ပြတ်တောက်တဲ့အချိန်မှာ ချောက်အိတ်ချိန်းရဲ့ အော်တိုတယ်လီဖုန်းတွေဟာ မြို့တွင်းခေါ်ဆိုမှုကိုသာရရှိနိုင်ပြီးတော့ Trunk နယ်ဝေးခေါ်ဆိုမှုမရရှိဘဲနဲ့ ချောက် CDMA ၊ GSM တယ်လီဖုန်းဆက်သွယ်မှုများ ပြတ်တောက်မှုဖြစ်ခဲ့ရပါတယ်။ ယခင်ရှိခဲ့တဲ့ ကျွန်တော်တို့ မိုက္ကရိုဆက်ကြောင်းဟာလည်းပဲ အဲဒီအချိန်မှာ မိုးကြိုးပစ်ထားတဲ့အတွက် ကျွန်တော်တို့ ပြတ်တောက်မှုဖြစ်နေပါတယ်။ အခုအခါမှာတော့ ဖိုင်ဘာပြတ်တောက်ပြီးတော့ ဆက်သွယ်မှုပြတ်တောက်မသွားစေရန်ရည်ရွယ်ပြီးတော့ ဆက်သွယ်မှုအရန်ဆက်ကြောင်းအဖြစ် ချောက်-ပုပ္ပါး မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းကို ကျွန်တော်တို့ စတင်တည်ဆောက်နေပါတယ်။ ဆက်သွယ်နိုင်ဖို့လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ချောက် ကျွန်တော်တို့ ပုပ္ပါးမိုက္ကရိုဝေ့ဗ်ဆက်ကြောင်းဟာ ကိုယ်စားလှယ်တော်ကြီး ဦးသိန်းလွင်သိချင်

တဲ့ကာလဟာ ဒီဇင်ဘာလ စတုတ္ထပတ်လောက်မှ ကျွန်တော်တို့ ပြီးစီးမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ မိုင်းရယ်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့မေးခွန်းအား ဆက်လက်ပြီးတော့ဖြေကြားလိုပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မြို့မှာ CDMA-450 လိုင်း ၃၀၀ တပ်ဆင်ခြင်းလုပ်ငန်းအတွက် စက်ပစ္စည်းတွေကို အောက်တိုဘာလကုန်လောက်မှာ ကျွန်တော်တို့ ပို့ဆောင်တပ်ဆင်ဖို့စီစဉ်ပြီးဖြစ်ပါတယ်။ Transmission ဆိုတဲ့ ဆက်ကြောင်းတပ်ဆင်ခြင်းလုပ်ငန်းကို နိုဝင်ဘာလအကုန်မှာ ကျွန်တော်တို့ဆောင်ရွက်နိုင်မှာဖြစ်ပြီးတော့ ဒီဇင်ဘာလလယ်လောက်မှာ မိုင်းရယ်မြို့မှာ CDMA-450 ကို တပ်ဆင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ GSM တပ်ဆင်ခြင်းလုပ်ငန်းကိုလိုင်းအင်အား ၁၅၀၀ဖြင့် စီမံကိန်းရဲ့ ဒုတိယနှစ်မှာ ကျွန်တော်တို့ ယခုက ပထမနှစ်ဖြစ်ပါတယ်။ ဒုတိယနှစ်မှာ ကျွန်တော်တို့ တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှာရှိတဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနစသည်ဖြင့် တာဝန်ထမ်းဆောင်နေကြတဲ့သူများအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အပါအဝင် ပြည်သူလူထုရဲ့ ဆက်သွယ်မှုအဆင်ပြေချောမွေ့လွယ်ကူအောင်ဆောင်ရွက်ပေးသွားကြရမှာဖြစ်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးမှာ ကျွန်တော်တို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနကနေပြီးတော့ ပါဝင်အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဒေသအသီးသီးမှ ပြည်သူတို့နဲ့ နက်ရှိုင်းစွာထိတွေ့နေပြီးတော့ ပြည်သူတို့ရဲ့ဆန္ဒကိုသိရှိကြပါတဲ့ ကိုယ်စားလှယ်တော်ကြီးများမှဆက်သွယ်ရေးကဏ္ဍနဲ့ပတ်သက်ပြီးတော့ ယခုကဲ့သို့ စိတ်ပါဝင်စားစွာမေးမြန်းဆွေးနွေးကြတဲ့အတွက် ကျွန်တော်တို့အနေဖြင့် ပြည်သူလူထုကို ဆက်သွယ်မှုလွယ်ကူ လျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် လွန်စွာအထောက်အကူဖြစ်ပါတယ်။ လွှတ်တော်ကာလ အတွင်းမှာလည်းကောင်း၊ လွှတ်တော်ကာလ အချိန်မဟုတ်တဲ့ကာလမှာလည်းကောင်း၊ ယခုကဲ့သို့ ဆက်သွယ်မှုကဏ္ဍနဲ့ ပတ်သက်ပြီးတော့ မေးမြန်းဆွေးနွေးနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ယခုကဲ့သို့ ကျွန်တော်တို့ စိတ်ပါဝင်စားစွာဆွေးနွေးကြတဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဂါရဝတရားရှေ့ထား၍ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်သွယ်ရေးက ရှင်လိုလူပါပဲ။ တင်ပြတာပြည့်စုံပါတယ်။ အဲတော့ ကျွန်တော်တို့ အစီအစဉ် တစ်ခါတည်းဆက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဉ်ဆက်လက်ဆောင်ရွက်ပါမယ်။ မောင်တောမဲဆန္ဒနယ်မှ ဦးဇော်ကိုအာမက် (ခ) ဦးအောင်ဇော်ဝင်း အားအဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ကိုအာမက်(ခ)ဦးအောင်ဇော်ဝင်း(မောင်တောမဲဆန္ဒနယ်)**။ ။ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အထူးဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်း ရင်းမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆို အားစာဖြင့် ဖတ်ကြားတင်ပြခွင့်ပြုပါရန်တင်ပြပါတယ်ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံသားတို့၏ လူနေမှု အဆင့်အတန်းမြင့်မားတိုးတက်မှုသည် အဓိကကျသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ပါသည်။ ထို့ပြင် ဈေးကွက်စီးပွားရေးဖွံ့ဖြိုးလာစေရန် နိုင်ငံသားတိုင်း၏ ပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုအခြေတည် ခိုင်မာလာစေရေးသည်လည်း လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သော ကြောင့် နိုင်ငံတကာအဆင့်မီ ခေတ်မီခိုင်ခံ့လှပပြီး စနစ်တကျတည်ဆောက်ထားသော ကွန်ဒိုမီနီယံ အဆောက်အဦများအား ဝယ်ယူပိုင်ဆိုင်နေထိုင်ကြမည်ဆိုပါက နိုင်ငံသားတိုင်းအေးချမ်းသာယာစွာ နေထိုင်ပိုင်ဆိုင် ရင်းနှီးမြှုပ်နှံနိုင်ခွင့်ရရှိကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ကွန်ဒိုမီနီယံအဆောက်အဦ များကိုနိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အဆင့်မြင့်တည်ဆောက်ရေးနှင့် အေးချမ်းစွာဝယ်ယူနေ ထိုင်မည့်သူများ၊ ခိုင်မာသည့် ရင်းနှီးမြှုပ်နှံလိုသူများအတွက် သင့်တင့်မျှတသော ဝန်ဆောင်မှုများရရှိ စေရေး၊ အခြေခံစီးပွားရေးချဲ့ထွင် အကောင်အထည်ဖော်နိုင်ရေး၊ ဝယ်ယူပိုင်ဆိုင်ခွင့်နှင့် အခြား မလိုလားအပ်သော အငြင်းပွားမှုများ ဖြေရှင်းနိုင်ရေးတို့အတွက် ဥပဒေသတ်မှတ်ချက်၊ ပြဋ္ဌာန်းချက် တစ်ရပ်လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ခိုင်ခံ့သပ်ရပ်သည့် နိုင်ငံတကာအဆင့်မီသော ကွန်ဒိုမီနီယံ များတည်ဆောက်နိုင်ရေးနှင့် နိုင်ငံသားများ ဝယ်ယူပိုင်ဆိုင်နေထိုင်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံနိုင်ရေးတို့ အတွက်အခြေခံကျသော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် Condominium Law ကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ တရားဝင်ပြဋ္ဌာန်းသင့်ကြောင်း နိုင်ငံနှင့်လူမျိုးအကျိုး

စီးပွားတိုးတက်စည်ပင်သာယာစေရေးကို ရည်ရွယ်၍ အဓိကအခြေခံကျသော ဤအဆိုတစ်ရပ်ကို တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်သွင်းသည့် အဆိုပြုတင်ပြချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် နိုင်ငံတကာ နှင့်ရင်ဘောင်တန်းနိုင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက် ရေးကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံသားတို့၏ လူနေမှုအဆင့်အတန်းမြင့်မား တိုးတက်လာစေရေးအတွက် ဝန်ဆောင်မှုအပြည့်အဝရရှိပြီး၊ ခိုင်မာသောပိုင်ဆိုင်ခွင့်ရရှိနိုင်မည့် နိုင်ငံ တကာအဆင့်မီသော ကွန်ဒိုမီနီယံအဆောက်အဦများအား နိုင်ငံသားများအနေဖြင့် ခိုင်မာစွာ လက်ဝယ်ထား ပိုင်ဆိုင်နေထိုင်နိုင်စေရေးကို ရည်ရွယ်၍အဆင့်မြင့်ကွန်ဒိုမီနီယံ ပိုင်ဆိုင်နေထိုင်နိုင် ရေးဆိုင်ရာဥပဒေ Condominium Law အားတရားနည်းလမ်းမျှတစွာ ပြဋ္ဌာန်းရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်မှုပြုပေးပါရန် နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးအတွက် ရည်မှန်းရွေးရှုကာ အဆိုပြုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း တင်သွင်းတဲ့အဆိုကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် (ဗုဒ္ဓဟူးနေ့) အစည်းအဝေးမှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်(ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။